မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၃၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်

စာမျက်နှာ ၃ ကော်လံ ၁

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

လမ်းမကြီးများနှင့် တံတားကြီးများ အရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရခိုင်ပြည်နယ်သည် ယခင်က ရေကြောင်းနှင့်လေကြောင်းကိုသာ အားကိုးခဲ့ရပြီး ရာသီဥတုနှင့် သဘာဝ အတားအဆီးအခက်အခဲများကြောင့် ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း သွားလာဆက်သွယ်ရာ၌ လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းများ ဆက်သွယ်သွားလာရာ၌လည်းကောင်း အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ အခြားပြည်နယ်နှင့်တိုင်းများနည်းတူ ရခိုင်ပြည်နယ်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်း၊ တံတားအသွယ်သွယ်ကို ဖောက်လုပ်တည်ဆောက်ပေးခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သဇင်တန်ပေါက်တံတား ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်-တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း(မအီ-ကျောက်ဖြူအပိုင်း)ရှိ သဇင်တန်ပေါက်ချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးပြီဖြစ်သော သဇင်တန်ပေါက်တံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါတံတားဖွင့်ပွဲ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

သဇင်တန်ပေါက်တံတားကြီးသည် ကျောက်ဖြူမြို့မှ ၅၇မိုင် ၅ ဖာလုံ ကွာဝေးသည့် သဇင်တန်ပေါက်ချောင်းပေါ်တွင်ရှိပြီး အလျား ၅၉၂ပေ ၄လက်မ အရှည်ရှိသည်။ ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးပေါ်တွင် တံတားကြီး ၁၀စင်းရှိသည့်အနက် မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ် ပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ သံသမကြီးတံတား၊ သံသမချေတံတားနှင့် သဇင်တန်ပေါက်တံတားတို့ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ၃၃ စင်းမြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။ ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ကျန်ရှိသည့် တံတားကြီးနှစ်စင်းအနက် ရခိုင်ပြည်နယ်တွင် အရှည်ဆုံးတံတားဖြစ်သော အရှည် ၂၇၀၄ ပေရှိ မင်းကြောင်းချောင်းတံတားကြီးသည် ဖွင့်လှစ်ရန် အသင့်ရှိနေပြီ ဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ဝန်ဖိုက်တံတားကြီးသည်လည်း မကြာမီကာလတွင် တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သည့် လမ်းသည် အရှည် ၅၃၅မိုင် ၃ဖာလုံရှည်လျားသည့် စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီးဖြစ်သည်။ စစ်တွေ-အမ်း-ရန်ကုန် လမ်းမကြီးကို ဖွင့်လှစ်ပြီးသည့်နောက် အလျား ၄၀၇မိုင် ၃ ဖာလုံရှိသည့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးကို ၂၀၀၁ ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့သည်။ ယင်းလမ်းမကြီး သည် မအီနှင့်ကျောက်ဖြူအကြား အကွာအဝေး ၇၅မိုင် ရှိသည့်အနက် ရွှံ့နွံများထူထပ်သည့် ဒီရေတော အတွင်း မိုင် ၂၀ ကိုဖြတ်သန်းကာ ခက်ခက်ခဲခဲ တည်ဆောက်နေခြင်း ဖြစ်သည်။

ယခုအခါ လမ်းတည် ဆောက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပြီး တံတားကြီး ၁၀စင်းရှိသည့်အနက် ယခုသဇင်တန်ပေါက် တံတားအပါအဝင် တံတားကြီးရှစ်စင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ကျောက်ဖြူမှ ရန်ကုန်သို့လည်းကောင်း၊ ရမ်းဗြဲမှ ရန်ကုန်သို့လည်းကောင်း ခရီးသည်နှင့်ကုန်တင် မော်တော်ယာဉ်လိုင်းများ စတင်ဖွင့်လှစ် ပြေးဆွဲနိုင်ပြီဖြစ်သဖြင့် မည်သို့မျှ မဖြစ်နိုင်ဟု ယူဆရသည့် အိပ်မက်လမ်းမကြီးကို အသုံးပြုနေရပြီ ဖြစ်သည်။

ယခုကဲ့သို့ ကျောက်ဖြူ-ရန်ကုန်လမ်းမကြီးဖွင့်လှစ်ခြင်းဖြင့် ရခိုင်ပြည်နယ်သည် အခြားပြည်နယ်၊ တိုင်းများကို အရှည်၅၃၅မိုင် ၃ဖာလုံရှည်သည့် စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီး၊ အရှည်၄၁၇မိုင်ရှိသည့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးနှင့် အရှည်၂၃၃မိုင်ရှိသည့် သံတွဲ-ဂွ-ရန်ကုန် လမ်းမကြီးကို အသုံးပြု၍ အလွယ်တကူသွားလာနိုင်ပြီ ဖြစ်သည်။

ယခုအခါ စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီး၊ ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီး၊ သံတွဲ-ဂွ-ရန်ကုန်လမ်းမကြီးနှင့် စစ်တွေ-ဂွ-အမ်း-တောင်ကုတ်-သံတွဲသွား ကမ်းရိုးတန်း လမ်းမကြီးတို့ တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာပြီဖြစ်သည်။

သို့ဖြစ်ရာနိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အခက်အခဲများစွာကြားမှ ပေါ်ပေါက်လာသည့် လမ်းမကြီးများနှင့်တကွ ယင်းလမ်းမကြီးများပေါ်ရှိ တန်ဖိုးကြီးမားလှသည့် တံတားကြီးများ အရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိသူအသီးသီးနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၁၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၇)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးပပျောက်ရေး ညီလာခံ တက်ရောက်ရန် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လာအိုနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည့် မူးယစ်ဆေးဝါးပပျောက်ရေး အမျိုးသားအဆင့်ညီလာခံသို့ တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။
(အပေါ်ပုံ)

လိုက်ပါသွား

အဆိုပါညီလာခံသို့ တက်ရောက်ရန် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင် လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကွမ်းခြံကုန်း မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့်ထူးချွန်ဆုရ ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေးအလှူငွေ ပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (ဗဟန်း ၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အပူဇော်ခံမည့် အသက် (၇၅) နှစ်အထက် အသင်းသူ အသင်းသားများသည်လည်းကောင်း၊ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း ဖေဖော်ဝါရီ၁၆ရက်နောက်ဆုံးထား၍ ဦးစိုးညွန့်(ဦးစီးနာယက)ဖုန်း-၂၂၄၅ ၈၀၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ)ဖုန်း- ၂၄၆ ၁၄၀၊ ဦးမြင့်ကြည်(အတွင်းရေးမှူး) ဖုန်း-၂၂၁၀၁၇၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၅၉၈၈၊ ဦးကျော်စိုး(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၀-၁၄၂၆နှင့် ဒေါ်ဥ (အမှုဆောင်)ဖုန်း-၀၉-၈၀၃-၃၉၁၅သို့တို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၂၅	ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	Myanmar Video Rhythm
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	ဆည်ရေပေးဝေနိုင်ရန် ဘင်ခေါင်း၊ ဘင်သားတို့၏ တာဝန်ဝတ္တရားများ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၅	ရေကြောင်းပညာ သိကောင်းစရာ(ဦးမျိုးမြတ်သူ၊ ဦးရွှေစိုး)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	မိုင်ပေါင်းကုဋေဝေးပါစေ ခရီးတွင်စေတာ မောင်မြန်မာ
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၅	ပန်းလှိုင်ဆေးရုံ
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	မြစ်သာတံတား
၁၁:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၈	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (ပန်းနှစ်ပွင့်နှင့် သူရဲကောင်း)
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ပတ်ဝန်းကျင်ကိုအလှဆင်နေသောရောင်စုံကွန်ကရစ်အုတ်ဘလောက် တုံးလေးများ
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	သင်ယူစရာပန်းချီပညာ (အခြေခံပို့ချချက်)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုနေ့ အစီအစဉ်

“တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

■ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့နှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာယူဘိုရမ်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆
အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာယူဘိုရမ်နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	အတီးပြိုင်ပွဲ
၈း၀၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၈။	အဆိုပြိုင်ပွဲ
၈း၂၀	၉။	ကျေးပင်အက်ရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅	၇။	အတီးပြိုင်ပွဲ
၁၇း၂၀	၈။	သီချင်းကြီးပဒေသာ
၁၇း၃၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၄၀	၁၀။	ကြံခိုင်ကျန်းမာပြည်မြန်မာ
၁၇း၄၅	၁၁။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၂။	ညနေခင်းသတင်း
၁၈း၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၄။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅	၁၅။	တေးဂီတအစီအစဉ်
၁၉း၂၀	၁၆။	ရခိုင်ချောင်တံတား
၁၉း၂၅	၁၇။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၈။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း–၁၇)
၁၉း၄၅	၁၉။	ကြက်ဆူရိုင်းမှဘိုင်အိုဒီဇယ်
၂၀း၀၀	၂၀။	ပြည်တွင်းသတင်း
	၂၁။	နိုင်ငံတကာသတင်းများ
	၂၂။	မိုးလေဝသအခြေအနေ
	၂၃။	၂၀၀၅ခုနှစ် တေးရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ **“ဝိဓူရဇာတ်တော်ကြီး”** (ပထမဆု) [ရန်ကုန်တိုင်း] (ဒုတိယပိုင်း)
	၂၄။	နောက်တစ်နေ့အစီအစဉ်
	၂၅။	အစီအစဉ်ပြီး၏။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်ထောင်စုတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများနှင့် ရုပ်ရှင်၊သဘင်၊ဂီတပဒေသာကပွဲ ကပြသီဆို ဖျော်ဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပဒေသာကပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညစာစားပွဲနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားရေး သံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများနှင့် ပွဲကြည့်ပရိသတ်များ လာရောက် ကြည့်ရှုအားပေးကြသည်။

ကပြဖျော်ဖြေ

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြ ဖျော်ဖြေကြသည်။

ဆက်လက်၍ ဂီတမှူး အကယ်ဒမီ ဂီတလုလင် ဦးကိုကို စီစဉ်တင်ဆက်သည့် တေးဂီတအစီအစဉ်တွင် တင်ဦးလေး၊ မောင်မောင်လေး (အလင်္ကာဝတ်ရည်)၊ ကေတုဝင်းထွင်း၊ နွဲ့ယဉ်ဝင်း၊ တက္ကသိုလ်ကိုကိုဇော်၊ ထား၊ ရဲအောင်၊ ရာဇာဝင်းတင့်၊ ခင်ညွှန့်ရည်၊ ခင်မျိုးအေး၊ စိမ်လဲ့လဲ့ စသည့် နာမည်ကျော် အနုပညာရှင်တို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

တေးသရုပ်ဖော်

ယင်းနောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံးက နှစ်ပါးသွားအကဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက “ပြည်ထောင်စုအလှ မြန်မာ့ဂုဏ်ရည်” တေးသရုပ်ဖော်ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက “စည်းလုံးညီညာ အောင်ကြောင်းဖြာ”အကဖြင့် လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

တင်ဆက်ဖျော်ဖြေ

ထို့နောက် ဂီတစာဆို ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ “သိကြားမင်းယောက္ခမ ပျော်သွားပြီ” တစ်ခန်းရပ် ဟာသပြဇာတ်တွင် အကယ်ဒမီ မင်းမော်ကွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ မိုးဒီ၊ အရိုင်း၊ စိန်ရိုး၊ ကောင်းစံနှင့် ဟာသသရုပ်ဆောင်များ ပါဝင်ကပြ တင်ဆက်ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက်ပဓာန နာယကဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ ဖေဖော်ဝါရီ ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၁၂ ရက်က တောင်ဥက္ကလာပမြို့နယ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဆွေ ဖတ်ကြားစဉ်။
(၁၉၂)

ရေနံနှင့်ဓာတ်ငွေ့ဈေးကွက် မတည်ငြိမ်မှုနှင့် ဝယ်လိုအားမြင့်မားလာမှုကြောင့်

အရေးပါသော လောင်စာအဖြစ်

ကျောက်မီးသွေးကို သန့်စင်၍ အသုံးချရန် ကမ္ဘာ့နိုင်ငံအချို့စီစဉ်နေ

ကမ္ဘာတွင် အနာဂတ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေးတွင် အရေးပါသော လောင်စာအဖြစ် ကျောက်မီးသွေးကို အသုံးပြုရန် ကမ္ဘာ့နိုင်ငံအချို့ ဆွေးနွေးလာကြသည်။

အာရုံစိုက်လာ

၁၉၉၀ ပြည့်နှစ်များအတွင်းက ဓာတ်ငွေ့လောင်စာရရေး တစ်ဖက်စွန်းရောက်အောင် စိတ်အားထက်သန်ကြပြီးနောက် ကျောက်မီးသွေးမှာ အများအပြားလွယ်လင့်တကူရရှိပြီး ဈေးနှုန်းတည်ငြိမ်မှုရှိသည့်အတွက် ကမ္ဘာ့စွမ်းအင်ရရေးတွင် ကျောက်မီးသွေး၏ အရေးပါမှုဘက်သို့ ပြန်လည်အာရုံစိုက်လာကြပြန်သည်။



သန့်စင်သော ကျောက်မီးသွေး နည်းပညာဖြင့် စွမ်းအင်ထုတ်ယူပုံ

မကြာမီက ရေနံနှင့်ဓာတ်ငွေ့ဈေးကွက်မတည်ငြိမ်မှုနှင့်တကွ မြင့်မားလာသော ဝယ်လိုအားနှင့် ရောင်းချသူများ၏ တိုက်ပွဲကြားမှ စွမ်းအင်ကွာဟချက်အပေါ် ရတက်မအေးရမှုတို့ကြောင့် ကျောက်မီးသွေးမှာ စီးပွားရေးအရရော၊ နိုင်ငံရေးအရပါ ယထာဘူတကျသော ရွေးချယ်မည့် လောင်စာအဖြစ်သို့ ရောက်ရှိလာသည်။

မျှော်လင့်နေ

သန့်စင်သော ကျောက်မီးသွေးနည်းပညာ(စီစီတီ)က ရာသီဥတုကို အလေးဂရုပြုသည့် နိုင်ငံသားများအတွင်းဝယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရ ကျောက်မီးသွေးကို လက်ခံနိုင်သော လောင်စာဖြစ်လာလိမ့်မည်ဟု နိုင်ငံရေးသမားများနှင့် စက်မှုကျွမ်းကျင်သူများက မျှော်လင့်နေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုများက ကျောက်မီးသွေးကို ရေနွေးငွေ့ခေတ်၏ စွဲကျန်နေသော အမွေအနှစ်အဖြစ် မကြာခဏဝေဖန်နေသော်လည်း ဤကျောက်မီးသွေးလောင်စာကို သမိုင်းစာအုပ်များအတွင်း ချောင်ထိုးထားခဲ့ရန် အချိန်စောလွန်းသေးသည်ဟူ၍ စွမ်းအင်ဆိုင်ရာ လေ့လာဆန်းစစ်သူများက ပြောဆိုသည်။

တန်ချိန်တိုးမည်

ကျောက်မီးသွေးအသုံးပြုမှုမှာ ၂၀၃၀ ပြည့်နှစ်တွင် နှစ်စဉ်တန်ချိန် ၇ ဒသမ ၃ ဘီလီယံအထိရောက်ရှိပြီး တစ်နှစ်လျှင် ၁ ဒသမ ၄ ရာခိုင်နှုန်းတိုးမည်ဟု နိုင်ငံတကာ စွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)စီမံကိန်းမှ နောက်ဆုံးစာရင်းဇယားများတွင် ဖော်ပြထားသည်။ တန်ချိန် ၇ ဒသမ ၃ ဘီလီယံသည် လက်ရှိ ပမာဏထက် တန်ချိန် တစ်ဘီလီယံပိုသေးသည်။

ယင်းသို့ ဝယ်လိုအား ပိုမိုလာခြင်းမှာ ထွန်းသစ်စ စီးပွားရေးနိုင်ငံများကြောင့်ဖြစ်သည်ဟု အေဂျင်စီ၏ သန့်စင်သော ကျောက်မီးသွေးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဂျွန်တော့ပါက မှတ်ချက်ပြုလိုက်သည်။

မူဝါဒရေးရာ

ကျောက်မီးသွေးမီးရှို့စက်ရုံများ ပတ်ဝန်းကျင် ထိန်းသိမ်းမှုမြင့်မားရေးအတွက် သုတေသနလုပ် တီထွင်ရာတွင် သန့်စင်သော ကျောက်မီးသွေးနည်းပညာ(စီစီတီ)မှာ မူဝါဒရေးရာ သီးခြားဝေါဟာရအတွင်းသို့ ဝင်ရောက်လာသည်။

အဆင့်မြင့်ကောင်းမွန်လာမည်

ကျောက်မီးသွေး မီးရှို့သည့် ဓာတ်အားပေးစက်ရုံများ၌ အသုံးပြုသော ဘွိုင်လာများ၏ စွမ်းအားမှာ တိုးတက်လာသည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ထုတ်လွှတ်မှု လျော့နည်းလာသည်။ ပုံစံဟောင်းဘွိုင်လာများကို အစားထိုးလျှင် ပိုမို၍ အဆင့်မြင့် ကောင်းမွန်လာမည် ဖြစ်သည်။ ထိုသို့ပြုပြင်လိုက်လျှင် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအဆင့်နှင့် အတူတူဖြစ်သွားမည်။

အထူးဘွိုင်လာများ

မည်သည့်ခေတ်ကာလနှင့်မျှမတူ လျှပ်စစ်ထုတ်လုပ်ရေးစွမ်းရည်ကို တိုးချဲ့လျက်ရှိသည့် တရုတ်ပြည်သည် အထူးပြုဘွိုင်လာများ အသုံးပြုရန် စီစဉ်ထားသည်။

စက်ရုံတည်ဆောက်မည်

“ယခုနှစ်တွင် တရုတ်ပြည်၌ ၅၅ ဂီဂါဝပ်လျှုရှိ ဓာတ်အားစက်ရုံများ တည်ဆောက်မည်ဟု မိမိယူဆကြောင်း၊ စက်ရုံအများစုမှာ ကျောက်မီးသွေးသုံး စက်ရုံများ ဖြစ်ကြောင်း” ပေကျင်းမြို့ ဆင်ဟွာ တက္ကသိုလ် သန့်စင်သော စွမ်းအင်ဌာန ညွှန်ကြားရေးမှူး ပါမောက္ခလီက ထုတ်ဖော်ပြောဆိုသည်။

၂၀၂၀ ပြည့်နှစ်တွင် ထိုစက်ရုံများက ၉၀၀ ဂီဂါဝပ်လျှုမှ ၁၀၀၀ ဂီဂါဝပ်လျှုအထိ စွမ်းအင်ထုတ်ပေးနိုင်မည်ဟုလည်း မျှော်မှန်းထားသည်ဆို၏။ **(အင်တာနက်)**



ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်သည့် နိုင်ငံများ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပဲပိစပ်မှ ဇီဝလောင်စာ တောင်အာဖရိကတွင် ထုတ်လုပ်မည်

ကာတာ ဖေဖော်ဝါရီ ၁၄

ပဲပိစပ်မှ ဇီဝလောင်စာထုတ်လုပ်ရန်အတွက် စက်ရုံတစ်ရုံတည်ဆောက်ရေးကို တောင်အာဖရိက ဓာတုစွမ်းအင်ဆိုင်ရာ အုပ်စုတစ်စုဖြစ်သည့် ဆာဆော အုပ်စုက ဆောင်ရွက်နေကြောင်း အဆိုပါဆာဆောအုပ်စုမှ သတင်းတစ်ရပ် ထုတ်ပြန် လိုက်သည်။

အဆိုပါ စက်ရုံသည် ပဲပိစပ် ကီလိုတန် ၁၀၀၀ မှ ဇီဝလောင်စာ ၁၂၅ လီတာသန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဆာဆောအုပ်စုမှ ပြောကြားသည်။

စာချုန်လွှာ

စက်ရုံတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ရပ် မပြုလုပ်မီ စမ်းသပ်သုတေသနပြုမှု တစ်ရပ်ပြုလုပ်ရေး နားလည်မှုစာချွန်လွှာ တစ်ရပ်ကို တောင်အာဖရိကနိုင်ငံ၏ ဗဟိုစွမ်းအင်ရန်ပုံငွေ(စီအီးအက်ဖ်) နှင့် လက်မှတ်ရေးထိုးခဲ့ကြကြောင်းလည်း ဆာဆောအုပ်စုက ပြောကြားသည်။

ထိုစက်ရုံ တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်မှုကို ပြုလုပ်လျက် ရှိကြောင်း၊ ၎င်းစက်ရုံ မြေနေရာရွေးချယ်မှုကို ယခုနှစ်ကုန်တွင် ပြီးစီးအောင် ပြုလုပ်မည်ဖြစ်ကြောင်းလည်း အဆိုပါအုပ်စုက ပြောကြားသည်။

ထိုစက်ရုံသည် တစ်နှစ်လျှင် ဇီဝလောင်စာ ကီလိုတန် ၁၀၀ ထုတ်လုပ်နိုင်ရန် ပဲပိစပ် ကီလိုတန် ၅၀၀ ကျော်လိုအပ်ကြောင်း သိရသည်။ ဇီဝလောင်စာမှာ ဟင်းသီးဟင်းရွက်ဆီတွင် ပါဝင်သောလောင်စာစွမ်းအင်ကို သီးခြားဖယ်ထုတ်လိုက်ခြင်းဖြစ်သည်။

ထုတ်လုပ်လျက်ရှိ

တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင် ပဲပိစပ် တန်ချိန်သုံးသန်းခန့် ထုတ်လုပ်လျက်ရှိရာ အများအားဖြင့် အနောက်ဥရောပ၌ ထုတ်လုပ်လျက်ရှိသည်။

တောင်အာဖရိက၏ လောင်စာစွမ်းအင် ၄၀ ရာခိုင်နှုန်းခန့်ကို ပဲပိစပ်မှ ထုတ်လုပ်သော ဇီဝလောင်စာဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက် ၁၁ဦးသေဆုံး၊ ၃၈ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

ဘဂ္ဂဒက်၌ ဖေဖော်ဝါရီ ၁၀ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ခုကြောင့် လူ ၁၁ ဦး သေဆုံး ပြီး ၃၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ် ယာမွတ်ဆေးရုံမှ ဆရာဝန်တစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ ဒိုရာခရိုင်တွင်ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုတစ်ခုတွင် လူရှစ်ဦးသေဆုံးပြီး ၂၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆွန်နီလက်နက်ကိုင် ပြောက်ကျားများသည် အမေရိကန် ကျောထောက်နောက်ခံပြုထားသည့် ကာ့ဒ်လူမျိုးများနှင့် ရှီးယိုက်ဦးဆောင်သည့် အစိုးရ ဒုက္ခရောက်စေရေးအတွက် ဦးတည်တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့အသေးငယ်ဆုံးကြောင်မျိုးစိတ် မွမ်ဘိုင်း၌တွေ့ရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၁၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနောက်ဘက်ရှိ ဆန်ဂျေးဂန္ဒီအမျိုးသားဥယျာဉ်၌ ကမ္ဘာ့အသေးငယ်ဆုံး ကြောင်မျိုးစိတ်မှ ကြောင်တစ်ကောင်အား တွေ့ရှိခဲ့ကြောင်း စနေနေ့တွင် သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး အကြီးအကဲက အစီရင်ခံတင်ပြခဲ့သည်။

ယင်းကြောင်သည် ၎င်း၏ မျိုးစိတ်တွင် နောက်ဆုံး အသက်ရှင်ကျန်ရှိသော ကြောင်မျိုးစိတ်မှ ကြောင်တစ်ကောင်ဖြစ်ပြီး အိန္ဒိယတွင် တွေ့ရှိရခြင်း ဖြစ်သည်။ ကမ္ဘာ့အနှံ့အပြားရှိ တိရစ္ဆာန်ဥယျာဉ် ၁၁ခုတွင် ယခုကဲ့သို့ ရှားပါးသော ကြောင်မျိုးစိတ်၏ ၃၆ ကောင်သာ အသက်ရှင်လျက်ရှိသည်။ ယင်းတို့အထဲမှ အချို့ကို အမေရိကန်ပြည်ထောင်စုတွင် နှစ်ကောင်၊ ဗြိတိန်တွင် လေးကောင်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ ပွာတိုရီကို၊ သီရိလင်္ကာတို့တွင် တစ်ကောင်စီရှိကြကြောင်းသိရသည်။

တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး ဥပဒေဇယား(၁)တွင် ယင်းကြောင်အား အန္တရာယ်ရှိသော တိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းထားသည်။

၎င်းကြောင်သည် ကြီးပြင်းလာချိန်တွင် အလေးချိန် ၁ဒသမ၅ ကီလိုရှိပြီး ဦးခေါင်းမှအမြီးပိုင်းအထိ အရှည် စင်တီမီတာ၅၀ ရှိသည်။ ၎င်းတို့ကို အဓိကအားဖြင့် အပူပိုင်း သစ်တောများတွင် တွေ့နိုင်သည်။

ယင်းမျိုးဆက်သည် အလွန်ရှားပါးသော မျိုးဆက်ဖြစ်သောကြောင့် တွေ့ရှိရန်ခက်ခဲကြောင်း၊ မွမ်ဘိုင်းတွင် တစ်ကောင်တွေ့ရှိရခြင်းသည် ကြီးမားသောရလဒ်ဖြစ်ကြောင်း၎င်းတို့တည်ရှိရာ နေရာကို သိရှိရန်နှင့် သိပ္ပံနည်းကျ စမ်းသပ်မှုများ ပြုလုပ်ရာတွင် အကူအညီများရရှိလိမ့်မည်ဟု သစ်တောနှင့် တောရိုင်း တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအကြီးအကဲ ဘီမာဂျမ်ဒါမာက ဝက်ဘ်ဆိုက်မှ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အမျိုးသားဥယျာဉ်၌တွေ့ရသော အသေးငယ်ဆုံး ကြောင်မျိုးစိတ်မှ ကြောင်တစ်ကောင်အား ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရက်သောက်သည့် ကန် လေယာဉ်မှူး မန်ချက်စတာ လေဆိပ်၌ ဖမ်းဆီးခြင်းခံရ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်လေကြောင်းလိုင်းမှ လေယာဉ်မှူးတစ်ဦးသည် ချီကာဂိုမြို့သို့ လေယာဉ်ပျံသန်းမှု ခရီးစဉ်မစတင်မီ အရက်သေစာသောက်သုံးသည်ဟု သံသယရှိသဖြင့် ဗြိတိန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၁ ရက် စနေနေ့က ဖမ်းဆီးခံခဲ့ရကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ခရီးသည် ၁၉၈ ဦးတင်ဆောင်ထားသည့် ဘိုးရင်း ၇၆၇-၃၀၀ လေယာဉ်မှ လေယာဉ်ဝန်ထမ်းတစ်ဦး ဖမ်းဆီးခံခဲ့ရသည်ဟု ကမ္ဘာ့အကြီးဆုံးလေကြောင်းလိုင်းတစ်ခုဖြစ်သည့် အမေရိကန်လေကြောင်းလိုင်းမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါလေယာဉ်မှူးသည် ဗြိတိန်နိုင်ငံ မန်ချက်စတာလေဆိပ်၌ ဘိုးရင်း ၇၆၇-၃၀၀ လေယာဉ်တွင် တာဝန်ထမ်းဆောင်ရန် သတင်းပို့ပြီးနောက် အရက်သေစာ သောက်သုံးထားသည်ဟု သံသယဖြစ်ခဲ့သဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက် တနင်္လာနေ့၌ တရားရုံးတစ်ခုတွင် စစ်ဆေးမေးမြန်းခြင်းခံရမည် ဖြစ်သည်။

မိမိတို့အနေဖြင့် လေယာဉ်ခရီးသည်နှင့် ဝန်ထမ်းများအတွက် လုံခြုံမှုရှိစေရန်နှင့် စိတ်ချမ်းမြေ့မှုရရှိစေရန်အတွက် ယခုကဲ့သို့ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်းက ပြောကြားသည်။

လေကြောင်းခရီးစဉ် ၅၅ အဖြစ် ပျံသန်းမည့် အဆိုပါလေယာဉ်သည် ယခုကဲ့သို့ ပြဿနာပေါ်ပေါက်သဖြင့် ချီကာဂိုမြို့သို့ သတ်မှတ်ချိန်ထက်သုံးနာရီ နောက်ကျပြီးမှ ဆိုက်ရောက်လာခဲ့ကြောင်းသိရသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ၌ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနများထူထောင်ရန် နိုင်ငံခြား ကုမ္ပဏီများအား သမ္မတဟူကျင်တောင်တိုက်တွန်း

ပေကျင်း ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံတွင် မိုက်ခရိုဆော့ဖ်၊အိုင်ဘီအမ်၊မိုတိုရိုလာ၊ဆီးမင်းစ်၊နော်တဲလ်၊ဂျီအီး၊ ဂျီအမ်၊ဖော့လ်စ်ဝက်ဂွန်နှင့် ဟွန်ဒါအပါအဝင် ကာလရှည်ကြာကတည်းကပင် ကျော်ကြားခဲ့သည့် နိုင်ငံပေါင်းစုံမှ ကုမ္ပဏီများက သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနများ(အာရ်အင်န်ဒီ)ကို ထူထောင်ထားခဲ့ကြကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ သမ္မတ ဟူကျင်တောင်။

နိုင်ငံစုံကုမ္ပဏီများအား တရုတ်နိုင်ငံတွင် အာအင်ဒီဗဟိုဌာနများ ထူထောင် ရန် တရုတ်နိုင်ငံက တွန်းအားပေးခဲ့ကြောင်း ယခုနှစ် စောစောပိုင်းက ကျင်းပခဲ့သည့် အမျိုးသားသိပ္ပံနှင့် နည်းပညာ ညီလာခံ၌ တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်က တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုငွေကြေးဖြင့် အာအင်ဒီဗဟိုဌာန ၇၅၀ခန့်ကို တရုတ်နိုင်ငံတွင် ထူထောင်ထားရှိကြောင်း၊ ၎င်းတို့မှာ အဓိကအားဖြင့် ရှန်ဟိုင်း၊ ပေကျင်းနှင့် ရှန်ကျန်ကဲ့သို့ မြို့ကြီးများတွင် တည်ရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများတွင် ဖော်ပြပါရှိသည်။

အများအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် အာရ်အင်န်ဒီဗဟိုဌာနများတွင် အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေး ပစ္စည်းထုတ်လုပ်ခြင်းများ၊ သယ်ယူပို့ဆောင်ရေး ပစ္စည်းထုတ်လုပ်ခြင်းများ၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဓာတုဗေဒဆိုင်ရာ လုပ်ငန်းများဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အများအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် အာရ်အင်န်ဒီ ဗဟိုဌာနများသည် အသုံးချနည်းပညာကို အာရုံစိုက်ဆောင်ရွက်နေဆဲဖြစ်သော်လည်း မိုက်ခရိုဆော့ဖ်၊ နိုကီယာ၊ ဘဲလ်အယ်လ်ကာတယ်လ်နှင့် ပင်နာဆိုးနစ်အပါအဝင် အချို့ကုမ္ပဏီများကမူ အာရ်အင်န်ဒီလုပ်ငန်းကို အခြေစိုက်လုပ်ဆောင်ကြကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဂျီအီး၊ ဖိလစ်၊ မိုတိုရိုလာနှင့် စီအီးမင်းကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် လုပ်ငန်းကြီးများ ဆောင်ရွက်လျက်ရှိကြသည့် ကုမ္ပဏီအချို့သည် တရုတ်နိုင်ငံရှိ အာရ်အင်န်ဒီဗဟိုဌာနများ၌ အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန် ဒုတိယသမ္မတ ငုံးပစ်ထွက်စဉ် အဖော်တစ်ဦးအား မှားယွင်းပစ်ခတ်မိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီသည် ရက်သတ္တပတ်ကုန်ပိုင်းက တက္ကဆက်ပြည်နယ်၌ ငုံးပစ်ထွက်ရင်း အချင်းချင်းမှားယွင်း၍ မတော်တဆပစ်မိရာ ဒဏ်ရာရသွားသော ဟာရီဝှစ်တင်တန် (၇၈)နှစ်မှာ ယခုအခါ ခရစ္စတပ်စဖုန်ဆေးရုံသို့ တင်ပို့ကုသထားရသည်ဟု ဆို၏။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပါးကိုထီးရိုးဖြင့်ဖောက်ထွင်းပြီး စွမ်းရည်ပြသခဲ့

ပါးနှစ်ဖက်တွင် ထီးရိုးအချွန်များဖြင့် ဖောက်ထွင်းကာ စွမ်းရည်ပြသနေသူ အမျိုးသမီး တစ်ဦးကို တွေ့ရစဉ်။**(ယာပုံ)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အင်ဒိုနီးရှား အမျိုးသမီးတစ်ဦးက သူမ၏ ပါးနှစ်ဖက်တွင် ထီးရိုးအချွန်များဖြင့် ထိုးဖောက်ကာ လက်နှစ်ဖက်ဖြင့် ထီးရိုးများကို လှည့်ပြီး အံ့သြဖွယ်ရာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

(အေအက်ဖ်ပီ)



နှာခေါင်းအတွင်း သံရိုက်ထည့်သူ

နှာခေါင်းအတွင်း အိမ်ရိုက်သံတစ်ချောင်းကို တူဖြင့်ရိုက်သွင်းပြနေသူ တစ်ဦးကို တွေ့ရစဉ်။**(ဝဲပုံ)**

စပိန်နိုင်ငံမြောက်ပိုင်း ဘောရိစ်မြို့တွင် ဥရုဂွေးနိုင်ငံသား ဘာဂျော့ဆိုသူသည် သူ၏နှာခေါင်းအတွင်းသို့ အိမ်ရိုက်သံရှည်တစ်ချောင်းကို ပုံပါအတိုင်း တူဖြင့် ကြိမ်ဖန်များစွာ ရိုက်သွင်း ပြသခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

မွမ်ဘိုင်း ဖေဖော်ဝါရီ ၁၄

မှတ်ပုံတင်ထားသော အိပ်ချ်အိုင်ဗွီ အက်စ်ဂျေအမည်ရှိဆေးကို အသုံးပြု၍ လွန်ခဲ့သည့်သုံးနှစ်အတွင်း ဆေးဝါး ကုသမှုပေးခဲ့ရာ အိပ်ချ်အိုင်ဗွီရှိနေသူ လူ ၂၀၀ခန့်အား အိပ်ချ်အိုင်ဗွီမရှိတော့သူများအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာထရာပြည်နယ် နန်ဒတ်မြို့အခြေစိုက် သုတေသနဌာနတစ်ခုက သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါဆေးကို ဆေးဖက်ဝင် အပင်သုံးမျိုးမှ ဖော်စပ်ထားခြင်းဖြစ်ပြီး အိန္ဒိယ၊ ဥရောပနှင့် အခြားနိုင်ငံအချို့တွင် ဆေးဝါးမှတ်ပုံတင်ထားခဲ့ခြင်းဖြစ်ကြောင်း ဆစ်ဟက် သုတေသနဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာဆစ် ဟက်အမ်ဂျွန်ဟာလီက ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

အောင်မြင်စွာကုသနိုင်

ဒေါက်တာ ဆမ်ဟက်အမ်ဂျွန်ဟာလီအနေဖြင့် လွန်ခဲ့သည့် သုံးနှစ်အတွင်း အဆိုပါဆေးကိုအသုံးပြုကုသခဲ့ရာ အေအိုင်ဒီအက်စ်ရောဂါ အပြင်းအထန် ခံစားနေရသည့် လူနာများအပါအဝင် အိပ်ချ်အိုင်ဗွီရှိနေသူများအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့သည်ဟု ဆိုသည်။

ယုံကြည်မှုရှိလာမည်

ယခုရရှိခဲ့သည့်ရလဒ်သည် အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါသည်များအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အားတက်မှုများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ဆေးပညာရှင် ရှုထောင့်အနေဖြင့်လည်း အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်လူနာများသည် ကျန်းမာရေးဆိုင်ရာ ကုသမှုအပေါ် တဖြည်းဖြည်း ယုံကြည်ကိုးစားမှုရှိလာမည်ဖြစ်ကြောင်း ဒေါက်တာဆစ်ဟက်အမ်ဂျွန်ဟာလီက ပြောကြားသည်။ ယခုအခါ ဒေါက်တာဆစ်ဟက်အမ်ဂျွန်ဟာလီ ကြီးကြပ်သည့် ဆေးကုသမှုဌာန၌ အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါသည် ၄၀၀၀ခန့် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ခရီးမိုင် ၂၆၀၀၀ကျော် မရပ်မနားပျံသန်း၍ စံချိန်သစ်တင်

လန်ဒန် ဖေဖော်ဝါရီ ၁၄

လူစွန့်စား စတိဗ်ဖော့စ်ဆက်သည် လေယာဉ်ဖြင့် ဆီဖြည့်ခြင်းမရှိဘဲ မရပ်မနားပျံသန်း၍ စံချိန်သစ်ကိုချိုးနိုင်ခဲ့ကြောင်း၊ ၎င်းသည် ခရီးမိုင်ပေါင်း ၂၆၃၈၉ မိုင်ပျံသန်းပြီးနောက် အင်္ဂလန်တောင်ပိုင်း၌ အရေးပေါ်လေယာဉ်ဆင်းခဲ့ရသော်လည်း စံချိန်တင်နိုင်ခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

မစ္စတာ ဖော့စ်ဆက်နှင့် ဇနီး

၎င်းသည် ဖေဖော်ဝါရီ ၈ရက်က ဖလော်ရီဒါမှ ပျံတက်ပြီး ကမ္ဘာကို တစ်ကိုယ်တော်ပတ်ကာ ဗြိတိန်တွင် ဆင်းသက်ခဲ့သည်။

မစ္စတာဖော့စ်ဆက်သည် လေယာဉ်ပေါ်တွင် လေးရက်ကြာ နေခဲ့သည်။ ဂလိုဘယ်ဖလိုင်းယားဟု အမည်ပေးထားသော ၎င်း၏လေယာဉ်သည် ဘော်နီမောင့်လေဆိပ်၌ ဆင်းသက်စဉ် တာယာနှစ်လုံးကွဲသွားခဲ့သည်။ သို့ရာတွင် ၎င်းသည် ခရီးရှည်စံချိန်သစ်ကို တင်နိုင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ-အက်စ်ဂျေဆေးဖြင့် အေအိုင်ဒီအက်စ် ကုသပေးနိုင်ပြီဟုဆို

ဆွေးနွေးခဲ့

ဒေါက်တာဆစ်ဟက်အမ်ဂျွန်ဟာလီသည် ပြီးခဲ့သည့် ခြောက်လခန့်က ဘရာဇီးလ်နိုင်ငံတွင် ကျင်းပခဲ့သော အေအိုင်ဒီအက်စ်ဆိုင်ရာ ညီလာခံ၌ အေအိုင်ဒီအက်စ်ရောဂါကုသမှုနှင့်ပတ်သက်သော သိပ္ပံနည်းကျ ကုသမှုတစ်ရပ်ကို ၎င်းအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ပေးပို့

ထို့အပြင် ဒေါက်တာဆစ်ဟက်အမ်ဂျွန်ဟာလီသည် ၎င်း၏ဆေးကုသမှုဆိုင်ရာ တင်ပြချက်များကို ဗြိတိသျှဆေးဝါးဂျာနယ်နှင့် ဆေးဖက်ဆိုင်ရာ နယူးအင်္ဂလန်ဂျာနယ်များသို့ ပေးပို့ခဲ့သည်။

တင်ပြခဲ့

တစ်ဖန် အိန္ဒိယနိုင်ငံသမ္မတ အေပီဂျေအဗ္ဗဒူလ်ကာလမ်ထံသို့လည်း ၎င်း၏ဆေးကုသမှုနှင့်ပတ်သက်သည့် တင်ပြချက်တစ်စောင် ရေးသားပေးပို့ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့လည်း ရေးသားတင်ပြခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ပီတီအိုင်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီနိုင်ငံဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီနိုင်ငံ Rieckermann Machinery Industrial Equipment မှ Director Mr. Erich Garbers နှင့် Product Manager Mr. Markus Thiel တို့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်ကလေးဆေးရုံကြီးသို့ ငွေကျပ် ၃၃သိန်း တန်ဖိုးရှိ အောက်ဆီဂျင်ပေးစက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသော ကလေးလူနာများအတွက် မြန်မာ့ဩဘာလုပ်ငန်းမှ ဦးသတိုးဟိန်းနှင့် ဒေါ်စိုးမာလာမိသားစုက နှစ်ဖက်သော မိဘများအားအမှူးထား၍ ရန်ကုန် ကလေးဆေးရုံကြီးသို့ စုစုပေါင်းငွေ ကျပ်၃၃သိန်းတန်ဖိုးရှိ Air Sep အောက်ဆီဂျင်ပေးစက်နှင့် Renal biopsy needle လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ကလေးဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ဩဘာလုပ်ငန်းမှ အလှူရှင်မိသားစုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်မိသားစုက Air Sep အောက်ဆီဂျင်ပေးစက်နှင့် Renal biopsy needle ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးချစ်ကိုတင်က လက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး အလှူရှင်မိသားစုအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခ/ကထိက၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(က-ပ)**

ယဉ်ကျေးမှု အခြေပြုသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်(၁၆/၃)ရပ်ကွက် ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ၏ သတ္တမအကြိမ်မြောက်သော ယဉ်ကျေးမှု အခြေပြုသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၉ ရက်အထိဖွင့်လှစ်မည်ဖြစ်ရာ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုမင်္ဂလအားအမှူးထား၍ ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ဓမ္မပီယ (သာသနဓဇ ဓမ္မာစရိယ Ph.D, U.S.A) နှင့် ဝန်ဆောင်သံဃာတော် အရှင်မြတ်များကဦးစီး၍ သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသားများကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ လက်ခံသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်ကြမည့် ရှင်သာမဏေနှင့် သိက္ခာရှင်များအား အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့်ရေမီး၊ဆေးများအတွက် လှူဒါန်းလိုပါက ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ ဖုန်း-၅၇၁၃၁၂၊ ၅၆၂၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

အသီးအထွက်နှုန်းမြင့်မား တောင်သူလယ်သမားများအကျိုးပွား

ခြံစည်းရိုးကြက်ဆူပင်သည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိစေမည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ကြောင်း သိရှိလာကြ၍ ဒေသခံပြည်သူများ ပိုမိုစိတ်ဝင်တစား အလေးထားစိုက်ပျိုးလာကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းစေရန်အတွက် ဒေသဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများက လိုအပ်သော အားပေးကူညီမှုများ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့စိုက်ပျိုးမှုများကြောင့် ခြံစည်းရိုးကြက်ဆူပင်၏ အကျိုးကျေးဇူးကို မကြာမီကာလအတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ မုချမသွေ ခံစားကြရမည်ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်သည် အကျိုးဖြစ်ထွန်းမှုများ သကဲ့သို့ အထွက်နှုန်းလည်းကောင်းမွန်သည်။ အပင်ငယ်စဉ် နှစ်နှစ်သားမှ ငါးနှစ်သားအတွင်း ဆွတ်ခူးပါက တစ်ပင်လျှင် နွေသီး နို့ဆီဘူးနှစ်ဘူး၊ မိုးသီး တစ်ပြည်ရရှိသည်။

ခြောက်နှစ်သားမှ စတင်ဆွတ်ခူးပါက တစ်ပင်လျှင် နွေသီး နို့ဆီဘူး သုံးဘူးနှင့် မိုးသီး နို့ဆီဘူး ၁၁ ဘူးထွက်ရှိသည်။ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ ဝင်ဆံ့သည့် တစ်ဧကတွင် ကြက်ဆူစေ့ တင်း ၁၀၀ ဝန်းကျင် ရရှိနိုင်သည်။ ခြံစည်းရိုးကြက်ဆူပင်၏ ဘက်စုံအသုံးဝင်မှုကိုသိရှိလာကြ၍ တွင်ကျယ်စွာ စိုက်ပျိုးကြကာ အသီးများကိုပင် ဆွတ်ခူးနေကြပြီဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပင်များ ရာသီအလိုက်၊ သက်တမ်းအလိုက် အသီးထွက်ရှိမှုကို အောက်ပါအတိုင်းတွေ့ရှိရသည်။ ။

နှစ်နှစ်မှငါးနှစ် အစေ့အထွက်နှုန်း

အကြောင်းအရာ	အချင်အတွယ်	ထွက်ရှိမှု
တစ်ပင်အထွက်နှုန်း		
-နွေသီး	နို့ဆီဘူး	၂
-မိုးသီး	ပြည်	၁
တစ်ဧကအထွက်နှုန်း	တင်း	၉၃
တစ်ဧကအထွက်နှုန်း	တန်	၁.၅

ခြောက်နှစ်သားအထက်အစေ့အထွက်နှုန်း

အကြောင်းအရာ	အချင်အတွယ်	ထွက်ရှိမှု
တစ်ပင်အထွက်နှုန်း		
-နွေသီး	နို့ဆီဘူး	၃
-မိုးသီး	နို့ဆီဘူး	၁၁
တစ်ဧကအထွက်နှုန်း	တင်း	၁၂၄
တစ်ဧကအထွက်နှုန်း	တန်	၂

ကြက်ဆူပျိုးပင်များ တွင်ကျယ်စွာစိုက်ပျိုး

ခြံစည်းရိုးကြက်ဆူပင်၏ ဘက်စုံအသုံးဝင်မှုကိုသိရှိလာကြ၍ တွင်ကျယ် စွာ စိုက်ပျိုးကြကာ အသီးများကို ဤသို့ ဆွတ်ခူးနေကြပြီဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်စာတန်းထိုး မြန်မာရုပ်ရှင်ကားများ ပထမခြေလှမ်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပါဝင်ဆင်နွှဲ

ဈေးကွက်သို့ စတင်ထိုးဖောက်ရန် အရှိန်ယူနေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၁၉၂၀ ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံတွင် အသံတိတ်ရုပ်ရှင်ကားများကို စတင်ရိုက်ကူးခဲ့ရာ ယခုအခါ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းသည် စိန်ရတုသို့တိုင် ရှိခဲ့ပြီဖြစ်သည်။

ထိုပြောင်းလဲခဲ့သော ရုပ်ရှင်ခေတ်၏ သမိုင်းကြောင်းရေစီးကို မြန်မာနိုင်ငံသား နှောင်းလူတို့ တိတိကျကျ မှတ်သားမိစေရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဗဟန်းမြို့နယ် ဝက်ပါလမ်းတွင် ရုပ်ရှင်ပြတိုက် ဖွင့်လှစ်ထားရှိသည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်ပေးထားသည်။ ထိုရုပ်ရှင်ပြတိုက်တွင် နှစ်ထပ်ခွဲ၍ မြေညီထပ်တွင် စက်မှုကဏ္ဍ၊သမိုင်းဝင် ရုပ်ရှင် စက်ပစ္စည်းများကို ပြသထားပြီး ပတ္တမြားရတုကာလ ရုပ်ရှင်ထူးချွန်ဆုရသူများကို ဖော်ပြထားသည်။ အပေါ်ထပ်တွင် သမိုင်းအထောက်အကူပြု ရုပ်ရှင်စာအုပ်စာတမ်းများနှင့်အတူ ရိုက်ကွင်းအတုပြုလုပ်ချက်များ၊ ငွေရတု၊ ရွှေရတုမှသည် စိန်ရတုသို့တိုင် ရုပ်ရှင်ထူးချွန်ဆုရသူများ၊ ဓာတ်ကားများကို စနစ်တကျ ခင်းကျင်းပြသထားသည်။

ရုပ်ရှင်သမိုင်းကြောင်းဆိုင်ရာ နံ့နံ့စပ်စပ် လေ့လာချင်သူများအတွက် အထူးမှတ်သားဖွယ်ရာ လေ့လာစရာကောင်းသော ရှားပါးပြတိုက်တစ်ခုဖြစ်ပါတယ်။

(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်း)

မှတ်သားဖွယ်ရာ

ရုပ်ရှင်သမိုင်းကြောင်းဆိုင်ရာ နံ့နံ့စပ်စပ် လေ့လာချင်သူများ၊ သိချင်သူများအတွက် အထူးမှတ်သားဖွယ်ရာ လေ့လာစရာကောင်းသော ရှားပါးပြတိုက်တစ်ခု ဖြစ်သည်။ နှစ်ကာလပြောင်းလဲလာခဲ့သည်နှင့်အမျှ မြန်မာ့ရုပ်ရှင်၏ အရည်အသွေးသည် အသံတိတ်ခေတ်မှ အသံထွက်၊ ဆေးရောင်စုံစသဖြင့် နိုင်ငံတကာအဆင့်နှင့်အညီ တိုးတက်ခဲ့ရာ ယနေ့ ဆိုပါလျှင် အင်္ဂလိပ်စာတန်းထိုး မြန်မာ့ရုပ်ရှင်ကားများအဖြစ် နိုင်ငံတကာဈေးကွက်သို့ စတင်ထိုးဖောက်ရန် အရှိန်ယူနေပြီဖြစ်သည်။

မှတ်သားဖွယ်ရာ လေ့လာစရာ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်။

အထူးသဖြင့် အရှေ့တောင်အာရှ၊ အာရှအပါအဝင် နိုင်ငံများတွင် ရုပ်ရှင်ပွဲတော်များ ကျင်းပကာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကူညီပံ့ပိုးမှုဖြင့် ရုပ်ရှင်ကုမ္ပဏီ ထုတ်လုပ်သူများသည် သွားရောက် ပြသခဲ့ကြသည်။ နိုင်ငံတကာအဆင့်မီ ရုပ်ရှင်သင်တန်းကျောင်း ပီပီပြင်ပြင် မဖွင့်နိုင်သေးသည့် မြန်မာနိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ၊ စက်ကိရိယာပိုင်းဆိုင်ရာ လျှင်မြန် တိုးတက်နေသော အာရှနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် တန်းတူလိုက်နိုင်ရန် ကြိုးပမ်းနေရဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာနည်းပညာများ၊ သရုပ်ဆောင်ပိုင်းများ၊ ထုတ်လုပ်မှုပိုင်းများလေ့လာနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး အင်္ဂလိပ်စာ သင်တန်းများပို့ချရန် စီစဉ်လျက်ရှိသည်။

ဈေးကွက်ထိုးဖောက်ရန်

ထို့အတူ ဖြန့်ချိရေး အပိုင်း၌လည်း ဈေးကွက်သုတေသနမရှိခဲ့သည့်အတွက် ဈေးကွက်စီးပွားရေးစနစ်တွင် ထုတ်လုပ်သူများအနေဖြင့် မျှော်မှန်းသလောက် အကျိုးအမြတ်မရ ဖြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် အဖွဲ့အလွှာပေါင်း ၁၀ ဖွဲ့ ဖွဲ့စည်းထားရာ အလွှာအလိုက် သက်ဆိုင်ရာသင်တန်းများ အဆင့်ဆင့်ပေးသွားရန် စီစဉ်ထားပြီးဖြစ်သည်။ ထို့အတူ နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်ရန် ဈေးကွက်ရှာဖွေနိုင်ရန်လည်း စီစဉ်ထားသည်။ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုနှင့်လိုက်ဖက်သော ဓာတ်လမ်းဓာတ်ကားများကို အင်္ဂလိပ်စာတန်း ထိုးပြသနိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။

ယှဉ်ပြိုင်ဆင်နွှဲမည်

မကြာမီ ကာလ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ရုပ်ရှင်ပွဲတော်တွင် **သူ့ကျွန်မခံပြီ၊ စုန်ရေ၊ ပေးဆပ်သူတို့ နှလုံးသား၊ ချစ်ခြင်းငယ်ပြိုင်၊ ဆဋ္ဌဂံ** စသည့် ရုပ်ရှင်ကားကြီး ငါးကားသည် အင်္ဂလိပ်စာတန်းထိုးပြီး ပထမခြေလှမ်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင် ဆင်နွှဲမည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်လောက အောင်မြင်မှုမှတ်တိုင်တစ်တိုင်အနေဖြင့် ချောမွေ့စွာ အောင်ပန်းဆင်နိုင်မည်ဟု မျှော်လင့်ရပေသည်။ ။

(မြန်မာ့အလင်း)

တစ်ခေါက်ပြီးတစ်ခေါက် လာရောက်ချင်အောင် ဆွဲဆောင်မှုပြည့်ဝသည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)

သတင်းဆောင်းပါး– ဝင်းရွှေ၊ ဓာတ်ပုံ– တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အခမ်းအနား မကျင်းပမီကတည်းက သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်ရုပ်မြင်သံကြားတို့မှ ပြည်သူများအား မီဒီယာလက်နက်အစွမ်းထက်စွာ စည်းရုံးဆွဲဆောင်နိုင်ခဲ့သဖြင့် နှစ်(၁၀၀)ပြည့် အခမ်းအနားကို အောင်မြင်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကို ထင်ဟပ်သော ကိုယ်ပိုင်ဓာတ်လမ်းများကို အင်္ဂလိပ်စာတန်းထိုးပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေပါတယ်။

(ဒေါ်ဆွေဇင်ထိုက်)

နိုင်ငံအနှံ့အပြားမှ ရှားပါးတိရစ္ဆာန်များဖမ်းယူရရှိပါက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်ဆက်သွယ်ပေးပို့ပါက ဝန်ဆောင်စရိတ်ကို ပြန်လည်ကျေးဇူးတုံ့ပြန်သွားမည်။

(သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးမြင့်ဆွေ)

ပွဲတော်ရက်အတွင်း လူများခြေချစရာမရှိ ပျားပန်းခပ်မျှ ပြည့်ကျပ်လျက်ရှိသော်လည်း စည်းကမ်းရှိရှိဖြင့် စိတ်ဝင်စားစွာပါဝင်ဆင်နွှဲကြသည့် ပရိသတ်ကြီး၏အသွင်မှာ တိရစ္ဆာန်ဥယျာဉ်အရာထမ်းအမှုထမ်းများ၏ စေတနာထားမှုကို ပြန်လည်တုံ့ပြန်လိုက်ခြင်း ပင်ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်အနေဖြင့် နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပသည့် ငါးရက်အတွင်း ဝင်ငွေကျပ်သိန်းပေါင်း ၄၀၀ ကျော်ရရှိပြီးနောက်ဆုံးနေ့တစ်နေ့တည်း ကျပ်သိန်းပေါင်း ၁၀၀ ရရှိခြင်းက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဝင်ငွေစံချိန်ကို ချိုးလိုက်နိုင်ခြင်းလည်း ဖြစ်ပေသည်။

ယခုအခါ ပွဲတော်ရက်အတွင်း အထူးတင်ဆက်သည့် ပြသမှုများအပြင် ပြည်သူများ စိတ်ဝင်စားဖွယ် ပြကွင်းပြကွက်ဆန်းများ ခင်းကျင်းပြသနိုင်ရေးအတွက် အစီအစဉ် ရေးဆွဲပြီး တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မျိုးဆက်ပြန့်ပွားမှုအနေဖြင့် ကျားမလေး နီနီက ၂၀၀၅ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျားအထီးနှစ်ကောင်နှင့်ကျားအမတစ်ကောင်မွေးခဲ့ပြီး ကျားမလေး ပင်ကီက စက်တင်ဘာ ၁၉ရက်၌ ကျားအထီးလေးနှစ်ကောင် မွေးခဲ့သဖြင့် ယခုအခါ ကျားပေါက်ငါးကောင် တိုးပွားခဲ့ပြီဖြစ်သည်။

ထိုနည်းတူ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃ ရက် ကလည်း မြင်းကျားပေါက်လေး တစ်ကောင် ထပ်မံမွေးဖွားခဲ့ပြီဖြစ်၍ ရှားပါးတိရစ္ဆာန်များကို ချစ်စရာအရွယ် သားငယ်လေးများ အသွင် တွေ့မြင်ကြရပြီဖြစ်သည်။



တိရစ္ဆာန် ဥယျာဉ်အတွင်း မွေးဖွားသည့် သစ်ကုလားအုတ်မလေး ချောစု။

ချစ်စရာအရွယ် သားငယ်လေးများနှင့်အတူ တွေ့ရသည့် မြင်းကျားမိသားစု။

သို့သော် နိုင်ငံခြား ရှားပါးတိရစ္ဆာန်တန်းဝင် တိရစ္ဆာန်ဥယျာဉ်အတွင်းမွေးဖွားသည့် သစ်ကုလားအုတ်နှင့် ပါကစ္စတန်မှ ရောက်ရှိထားသည့် ကုလားအုတ်မှာ ယခုအခါ တစ်ကောင်စီသာ ရှိသဖြင့် မျိုးဆက်ပြန့်ပွားရန် အခြေအနေမရှိဘဲ နိုင်ငံတကာနှင့် တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်ဖြင့်သာ ဖြည့်တင်းပေးသွားရန် မျှော်လင့်စရာရှိနေခြင်းပင်ဖြစ်သည်။

တိရစ္ဆာန်ချစ်တတ်သူများအဖို့ ကုသိုလ် ယူလိုပါက မိမိကြိုက်နှစ်သက်ရာ တိရစ္ဆာန်အမျိုး အစားအတွက် အရေအတွက်အလိုက် အစာကျွေးမွေးစောင့်ရှောက်စရိတ်ကို တာဝန်ယူ မွေးစားနိုင်ကြောင်းသိရသည်။ နိုင်ငံအနှံ့အပြားဒေသတွင်းမှ ရှားပါးတိရစ္ဆာန်များ ဖမ်းယူ ရရှိပါက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် လာရောက်ဆက်သွယ်ပေးပို့ပါက ဝန်ဆောင်စရိတ်ကို ပြန်လည်ကျေးဇူးတုံ့ပြန် သွားမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံပိုင်ဖြစ်သည့် တောတွင်း တိရစ္ဆာန်များကို ဖမ်းဆီးရမိပါက သတ်ဖြတ်ဖြုန်းတီးမှုမပြုလုပ်ဘဲ တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်အပ်နှံကြရန်အရေးကြီးပေသည်။ သို့မှသာ နိုင်ငံတော်၏ သယံဇာတတစ်ခုလည်းဖြစ်သည့် ရှားပါးတောတွင်းတိရစ္ဆာန်များ မျိုးဆက်ပွားတည်တံ့နိုင်မည်ဖြစ်သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်များ အစားအသောက် အနေအထိုင် ကျန်းမာရေးက အစ စနစ်တကျ ကောင်းမွန်စေရန် တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ကျွမ်းကျင်သော တိရစ္ဆာန်ထိန်းများဖြင့်ထိန်းသိမ်းထားသည်ကို စိတ်ချမ်းမြေ့ဖွယ်တွေ့ရှိရသည်။ ယခုအခါ ကမ္ဘာ့ရှားပါးတိရစ္ဆာန်များ ပြန့်ပွားနိုင် စေရန်လည်းကောင်း၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံ တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်များအရ ဂျာမနီနိုင်ငံ ကိုလုန်းတိရစ္ဆာန် ဥယျာဉ်မှ ကြံ့ဖြူတစ်စုံနှင့်ခြင်္သေ့သုံးကောင်သည် မတ်လ အတွင်း ရောက်ရှိလာမည်ဟု ခန့်မှန်းထားရာ ရှားပါးတိရစ္ဆာန်များအဖြစ် အများပြည်သူတို့ လေ့လာကြည့်ရှုခွင့်ရတော့မည်ဖြစ်သည်။

ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်အပန်းဖြေအနားယူကြမည့် အများပြည်သူနှင့် ကျောင်းသူကျောင်းသားများ တစ်ခေါက်ပြီးလျှင် နောက်တစ်ခေါက် ထပ်မံလာချင်စေရန်အတွက် ဆွဲဆောင်မှုအဝဝဖြင့် စီစဉ်ပေးထားလျက်ရှိကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

ရုပ်ရှင်အစည်းအရုံး၏ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရမည့်အချက်များကိုအခြေခံ အခြေခံအလွှာများအားလုံး ညှိနှိုင်းတိုင်ပင်ပြီးပူးပေါင်းဆောင်ရွက် သတ်မှတ်ထားသည့်မူဘောင်များအတွင်းမှ မှန်ကန်စွာဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)အစည်းအဝေး ခန်းမ၌ကျင်းပသည့် မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်များနှင့် အဖွဲ့ဝင်များအား ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏အကျိုးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်ရမည့် ရည်မှန်းချက်ငါးရပ် နှင့်အညီ ရှေ့ဆက်လက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် ချမှတ်ထားသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက် ၁၂ ချက်ကိုအခြေခံ၍ ဆောင်ရွက်ရန်နှင့် ဖွဲ့စည်းထားရှိသည့် အခြေခံအလွှာများမှ တာဝန်ရှိသူများအားလုံး ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ကြရာတွင် သတ်မှတ်ထားသည့် မူဘောင်များအတွင်းမှ မှန်ကန်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အစည်းအရုံး၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဒဿနိကဗေဒ ကျောင်းသူ ကျောင်းသားဟောင်းများ၏ စတုတ္ထ အကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ လည်းကောင်း၊ မိတ်ဆုံစားပွဲကို ညနေ ၆နာရီတွင် စင်ထရယ် ဟိုတယ်၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ ကျောင်းသားဟောင်း များ (လုပ်သားများကောလိပ်ညနေပိုင်း သင်တန်း၊ အဝေးသင်တက္ကသိုလ်များ အပါအဝင်) တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒဿနိကဗေဒဌာန ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၅၇၂၉၊ ပါမောက္ခ ဒေါ်မာမာစန်း(ဌာနမှူး၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) ဖုန်း-၀၉-၅၀၀၃၉၃၅၊ ပါမောက္ခ ဒေါ်တင်တင်ယဉ်(ဌာနမှူး၊ နိုင်ငံခြားဘာသာ တက္ကသိုလ်) ဖုန်း-၅၁၄၃၇၁(လိုင်းခွဲ-၁၁၈)၊ ဦးဇော်မြင့်ဦး ဖုန်း-၀၉-၅၁၃၃၈၉၈၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၁၁၄၁၀နှင့် ဦးကြည်ဝင်း ဖုန်း-၅၂၅၆၁၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းကြောင်းသိရသည်။

(က-ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ တပ်မတော်ခန်းမ၌ ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ သတ္တမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်း ပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း လာရောက်ကြည့်ရှုသည်။ (အပေါ်ပုံ)

ကြည့်ရှုလေ့လာ

ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့်မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ယင်းပြပွဲတွင် သတ္တုတွင်းဝန်ကြီးဌာန ပြခန်း၌ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ဆားနှင့် အဏ္ဏာဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းစသည့် ပြကွက်များကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

ခင်းကျင်းပြသ

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနပြခန်း၌လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နည်းနာသုံးရပ်၊ ကျန်းမာရေးစီမံကိန်းများ၊ မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် နှစ်(၃၀) နှစ်ရှည်စီမံကိန်း၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းရင်းဆေးပညာကဏ္ဍ တိုးတက်မှုများ၊ ရောဂါကြီးများ ကူးစက်မှုဖြစ်ပွားမှု လျော့နည်းကင်းစင်ပပျောက်အောင် ဆောင်ရွက်နိုင်မှု ဇယား၊ ခွဲစိတ်ကုသမှုဆိုင်ရာ အောင်မြင်မှုမှတ်တိုင်များ၊ ပြည်တွင်း၌ တိုးချဲ့သင်ကြားပေးနေသော ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဆေးပညာသင်တန်းများကို ရုပ်ပုံကားချပ်၊ ဇယား၊ ဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားသည်။

အလားတူ ကချင်ပြည်နယ် ပြခန်း၌ ကချင်တိုင်းရင်းသား ရိုးရာဓလေ့ပွဲတော်များ၊ စာပေ၊မျိုးနွယ်များ၊ အလှရှုခင်းများ ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

ထို့အပြင် ကျောင်းသားကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co. Ltd.,၏ အစီအစဉ်ဖြင့် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်ဘာသာအမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

အထက(၅)တောင်ငူ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တောင်ငူမြို့နယ် အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်း (ယခင် ပကူးကျောင်း) ၏ ဒုတိယ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ရက်တွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများသည် တောင်ငူမြို့ နော်အယ်ထူး ဖုန်း-၀၅၄-၂၃၅၀၁၊ ဒေါ်ဂဲစတား ဖုန်း- ၀၅၄-၂၄၂၀၄၊ ဦးကျော်ညွန့် ဖုန်း-၀၅၄-၂၃၂၇၉နှင့် အထက(၅) ဖုန်း-၀၅၄-၂၃၁၀၇ တို့သို့လည်းကောင်း၊ ရန်ကုန်မြို့ ဒေါ်ကက်သရင်းဌွန် ဖုန်း-၀၁-၂၂၃၀၁၅နှင့် စောဒေးဗစ် ဖုန်း-၀၉-၅၁-၂၃၅၅၄တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရ သည်။

(က-ပ)

တာမွေမြို့နယ် အမက (၃) ကျောင်း အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဖခင် ဦးဘခွေး၊ မိခင် ဆရာမ ဒေါ်ငွေကြင်၊ အစ်ကိုကြီး ဦးစိုးလှိုင် နှင့် မောင်ဦးခင်ဌေး တို့အား ရည်စူး၍ ၁၄၅ လမ်း တာမွေမှ ဒေါ်စန်းမြင့်၊ ဒေါ်ခင်မြင့်၊ ဦးခင်သန်း၊ ဒေါ်ဝင်းဝင်းမြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဆရာမကြီး ဒေါ်တင်မာအေးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✡ ကျောဖုံးမှ

မှတ်တမ်း ဓာတ်ပုံများကို လှည့်လည် ကြည့်ရှု အားပေးရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာဦးဝင်းမောင် က လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်ပျိုးဥယျာဉ်အတွင်း၌ တပ်နယ်အတွင်းရှိ အရာရှိ စစ်သည်မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ ၁၆၀၀၀၀ ကျော် တပျော်တပါး ပျိုးထောင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူပင် စိုက်နည်းစနစ် မှန်ကန်ရေးနှင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး၊ ကြက်ဆူစေ့မှ ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်သည့် ကြက်ဆူဆီ ထုတ်လုပ်နိုင်ခြင်းကြောင့် အပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ပဲခူးတိုင်းအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်ကို ၂၀၀၆ခုနှစ်တွင် ဧက ၉၇၅၀၀၊ ၂၀၀၇ခုနှစ်တွင် ဧက ၁၉၅၀၀၀၊ ၂၀၀၈ခုနှစ်တွင် ဧက ၂၉၂၅၀၀ စုစုပေါင်း ဧက ၅၈၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့်မျိုးကိုင်း ၂၅၇၈ ဧက ပျိုးထောင်ထားရှိပြီး ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်သည် မူလ ၆၁၈ ဒသမ၁၀ဧကရှိပြီး ၁၉၀၈ ဒသမ ၁၆ ဧက ထပ်မံ စိုက်ပျိုးပြီးဖြစ်၍ လျာထားဧကများ ပြည့်မီစေရေးအတွက် မျိုးစေ့စုဆောင်းခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းတို့ကိုကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီဘက်စုံသီးနှံစိုက်ပျိုးရေးစိုက်ကွင်းသို့ သွားရောက်ရာ ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးပြုံးချိုက ဘက်စုံသီးနှံစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးရေရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိုက်ကွင်းအတွင်း တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် ရာသီအလိုက်သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိနိုင်အောင် ဆောင်ရွက်၍ နွေစပါးတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ရှင်းလင်းဆောင် ရှုရပ်မှ စိုက်ကွင်းအတွင်း၌စက်ယန္တရားများဖြင့် မြေယာထွန်ယက်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၆ရက်က ရှမ်းပြည်နယ် ပင်းတယမြို့တွင်ကျင်းပသော ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယ၏(၂)နှစ်မြောက် ခန္ဓာဝန်ချ ပူဇော်ပွဲအခမ်းအနားတွင် အလှူရှင် အဂ္ဂမဟာသိရိသုဓမ္မသီဂီ ဒေါက်တာခင်ခင်စိမ့်နှင့် အလှူရှင်များက ဆရာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုးချဲ့ဖော်ထုတ်စိုက်ပျိုး

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကေတုမတီဘက်စုံသီးနှံစိုက်ပျိုးရေး စိုက်ကွင်းအနေဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးလျာထားဧက ၁၈၃ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ချက်ကြဲလျာထား ဧက ၃၅၂ဧကအနက် ဧက၂၉၀နှင့် သစ်ဆိမ့်ဧက ၄၀၊ ထန်းဧက ၄၀၊ သီဟိုဠ်ငါးဧက စိုက်ပျိုးပြီးဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင် ဧက ၁၃၀ လျာထား စိုက်ပျိုးရန်အတွက် မျိုးစေ့၊ မျိုးကိုင်းများ ပျိုးထောင်ပြီးဖြစ်ကာ စုစုပေါင်း လျာထားဧက ၇၁၃ဧက ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်သည်။ စိုက်ကွင်းတစ်ခုလုံးအနေဖြင့် ၁၁၄၇ဧက ပြည့်မီအောင် တိုးချဲ့ဖော် ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ရှေးဦးစွာ တိုင်းမှူး၊ဝန်ကြီးနှင့် ဧည့်သည်များက စေတီတော်အား ဆွမ်း၊ သစ်သီး၊ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင် တို့ဖြင့် ကပ်လှူပူဇော်ကြပြီး ပင့်သံဃာတော် ၃၆ ပါးတို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးနှင့် ဒေသခံပြည်သူများက စေတီတော် ပရိဝုဏ်၌ ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူကြသည်။

ယင်းနောက် စေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ ရေစက်ချ အခမ်းအနားကိုကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်သည်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိသာလာဘိဝံသ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ကန့်ဘလူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် MFF ကုမ္ပဏီတို့၏ပူးပေါင်းစီစဉ်မှုဖြင့် မန္တလေးမြို့ မျက်စိ၊နား၊နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံမှ မျက်စိအထူးကုဆရာဝန်များ၏ ခွဲစိတ်ကုသနေမှုကို ခံယူလျက်ရှိသော မျက်စိဝေဒနာရှင်များအား လှည့်လည် ကြည့်ရှု အားပေးကြပြီး အထူးကုဆရာဝန်ကြီးများ၏ ခွဲစိတ်ကုသနေမှုများကိုလည်း ကြည့်ရှုအားပေးကြကာ ဝန်ကြီးက မျက်စိအထူးကုအဖွဲ့အတွက် ငွေကျပ်တစ်သိန်းပေးအပ်ချီးမြှင့်သည်။ အဆိုပါ မျက်စိအထူးကုအဖွဲ့အနေဖြင့် ကန့်ဘလူမြို့နယ်ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ၉ရက်မှ၁၂ ရက်အထိ အကြီးစားခွဲစိတ်ကုသမှုခံယူသည့် လူနာ ၆၉ဦးနှင့် အသေးစားစမ်းသပ် ခွဲစိတ်ကုသမှုခံယူသည့်လူနာ ၁၃၁ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နယ်မြေခံတပ်ရင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်နှင့် ကန့်ဘလူမြို့ အားကစားကွင်းအတွင်း ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်များသို့ တက်ရောက်ကြသည်။

ပျိုးထောင်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျိုးအိတ်များ အတွင်းသို့ ကိုင်းထိုး စိုက်ပျိုးနည်းနှင့် အစေ့ထောင်စိုက်ပျိုးနည်းတို့ဖြင့် ပျိုးထောင်စိုက်ပျိုးပေးခဲ့ကြပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုး ကြက်ဆူပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကန့်ဘလူမြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပသည့် ရွှေရတုကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် ကျောင်းဆောင်သစ် အလှူရှင် ဟွန်ဒါ-မြန်မာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ကျောင်းအုပ်ကြီး ဦးကံသာတို့က ဖဲကြိုးဖြတ်၍ လည်းကောင်း၊ တိုင်းမှူးက စက်ခလုတ်နှိပ်၍ လည်းကောင်း ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့မိမြို့ဖ ဦးကျော်ညွှန့်၊ အလှူရှင် ဦးတင်မောင်နှင့် တိုင်းပညာရေးမှူးဦးတိုးမောင်တို့ကမော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်တို့ဖြင့်ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် တိုင်းမှူး၊ ဝန်ကြီး၊ တိုင်းပညာရေးမှူးနှင့် အလှူရှင်တို့က အမှတ်တရသစ်ပင်များကို စိုက်ပျိုးပေးကြကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သာအေးက ပညာရေးကဏ္ဍအဆင့်မြင့်မားရေးအတွက် စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင် ဦးတင်မောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သောစာရွက်စာတမ်းများကို တိုင်းပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးက ကျောင်းသုံး ဗလာစာအုပ်များနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို လည်းကောင်း၊ ဝန်ကြီးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းရွှေရတုကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ပရိဘောဂများ အပါအဝင် ငွေကျပ်သိန်း ၁၉၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာသို့ ရောက်ရှိကြ၍ ရပ်ရွာပညာပဒေသာဌာန၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲနှင့် စာကြည့်တိုက်အတွက် ၂၁ လက်မရောင်စုံရုပ်မြင်သံကြားစက် ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဘိုးဘွား ၅၀ တို့အား အလှူငွေနှင့် အလှူပစ္စည်းများကို ပေးအပ်ကန်တော့ကြကာ တိုင်းမှူးက ဆိတ်ဖူးမြောင်ကျေးရွာ စာကြည့်တိုက်အတွက် ၂၁ လက်မရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးကို ပေးအပ်လှူဒါန်းသည်။

မှာကြား

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆိတ်ဖူးမြောင်ကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့်ခဲတံများကိုပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် အမှတ်၁၀၆ (ပထမထပ်) လမ်း ၅၀ ပုဇွန်တောင်မြို့နယ် THACOS Maritime Co.,Ltd. မှ MT Jamal Massry သင်္ဘောမိသားစုက အလှူငွေကျပ် ၇၄၇၀၀၀ကို ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရိုန်ဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးဌေးမြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက် ခြံအမှတ်၄နေ ဦးသိန်းဟံ-ဒေါ်ခင်လှလှဝင်း မိသားစုနှင့် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးအေးဇော်-ဒေါ်မူမူသိန်း မိသားစုတို့က အလှူတော်ငွေ ကျပ်၁၀သိန်းကို ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့လုပ်ငန်းစဉ်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ လုပ်ငန်းစဉ်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအရှေ့စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၄၀၀ကို လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့် က ၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်သည့် သုံးသပ်ချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေနှင့် ဧည့်သည်များသည် ခန်းမအပြင်၌ ပြသထားသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အတွင်းရှိ မြို့နယ်၁၄မြို့နယ်မှ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အသံနှစ်(၆၀)ပြည့် အထိမ်းအမှတ် ဆွေးနွေးခန်းထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ့အသံနှစ်ပတ်လည် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့အသံ ရေဒီယိုအင်္ဂလိပ်ပိုင်း အစီအစဉ်မှ ဝန်ထမ်းများနှင့် ဆရာကြီးဒေါက်တာခင်မောင်ညွှန့်တို့ တွေ့ဆုံဆွေးနွေးခန်းကို ဖေဖော်ဝါရီ ၁၅ ရက်(ဗုဒ္ဓဟူးနေ့)ည ၉ နာရီတွင် မြန်မာ့အသံ ရေဒီယို အင်္ဂလိပ်ပိုင်းအစီအစဉ်မှလည်းကောင်း ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပညာရေးအထောက်အကူပြုစာအုပ်စာတမ်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အခြေခံပညာ အထက်တန်းကျောင်းခွဲ အမှတ်(၂) အလယ်တန်းကျောင်း ဗိုလ်တထောင်ရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများ အသုံးပြုရန်အတွက်ပညာရေးအထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ဆရာဦးကံချွန်က စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်အလှူရှင်များက စာအုပ်များပေးအပ်လှူဒါန်းရာ ဌာနချုပ်မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (က-ပ)

လောင်စာတွေကို ရှင်း မီးဘေးအန္တရာယ် ကင်း

အေးအတူပူအမျှ ချစ်ကြည်စည်းလုံးကြ

ချစ်နိုင် (စိတ်ပညာ)

ကချင်တိုင်းရင်းသားများက မြောက်ဖျားဒေသ တောင်ပေါ်တွင် နေထိုင်ကြသည်။ ကရင်တိုင်းရင်းသားများက သံလွင်၊ ဧရာဝတီမြစ်အကြေဆီ၌ နေထိုင်ကြသည်။ ရှမ်းတိုင်းရင်းသားများက နိုင်ငံတော်၏ အရှေ့ပိုင်း အနေများကြသည်။ ရခိုင်တိုင်းရင်းသားတို့မှာမူ နိုင်ငံ၏ အနောက်ပိုင်း၌ နေထိုင်ကြသည်။ စတုရန်းမိုင်ပေါင်း ၂ဒသမ၆သိန်းကျော် ကျယ်ဝန်းသော ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားများသည် နေရာဒေသ အနှံ့အပြားတွင် အခြေချ နေထိုင်လာခဲ့ကြသည်။

တိုင်းရင်းသားလူမျိုးအားလုံးသည် စည်းလုံးချစ်ကြည်စွာ လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာကပင် စုပေါင်းနေထိုင်လာခဲ့ကြသည်။ ထို့ကြောင့် ဘာသာ၊ စကား၊ စာပေ၊ ဓလေ့ထုံးစံတို့ အနည်းနှင့်အများ ကွဲပြားခြားနားကြသော်လည်း အတွေးအခေါ် အယူအဆ၊ ယဉ်ကျေးမှု အခြေခံ အနှစ်သာရမှာမူ ပင်မရေစီးကြောင်း တစ်ခုတည်းသာလျှင် ဖြစ်သည်။ တိုင်းရင်းသား စကားပုံအချို့ကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့သည် မိသားစုတစ်ခုပမာ အတွေးအယူ၊ စည်းလုံးစွာတူညီခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

ကချင်စကားပုံတွင် ဝါးမကွဲဘဲနှင့်ရေမဝင်၊ ဝါးကွဲမှသာရေဝင်သည် (လော်ဝေါ်စကားပုံ)။ သူတစ်ပါးက ကူညီသည်ကို မှတ်ထားပါ၊ ကိုယ်က ကူညီသည်ကို မေ့ပစ်ပါ (လီဆူးစကားပုံ)နှင့်ဖွဲ့ကကျောရိုး၊ ဝီရိယမှာထမ်းပိုး (ဂျိမ်းဖော့စကားပုံ)တို့ ရှိကြသည်။

ကယားစကားပုံတွင် အတူစားလျှင် ပို၍ချိုသည်၊ အတူအိပ်လျှင် ပို၍နွေးသည်။ အတူလုပ်လျှင် ပို၍ပြီးသည် ဟူသည့် စကားပုံနှင့် သစ်ပင်ကြီးလျှင် ငှက်များလာမည်။ တောင်ကုန်းမြင့်လျှင် နေပိုပူမည်။ လူကြီးပီသလျှင် ကလေးများ ချဉ်းကပ်လိမ့်မည်ဟူသည့် စကားပုံများ ရှိသည်။

ကရင်စကားပုံတွင် ရေတစ်စက်မှသည် ရေများများရ။ ထင်းတစ်ချောင်းချိုးရသော်လည်း ထင်းတစ်စည်း ချိုးမရ။ ကြည်လင်သော ရေကို နောက်သောရေက မလွှမ်းမိုးနိုင် စသည့် စကားပုံများ ရှိကြပါသည်။

ထို့အတူ ချင်းစကားပုံတွင် ထင်းတစ်ချောင်းဖြင့် မီးဆိုက်၍မရပါ။ ထမင်းကို ဝိုင်းဖွဲ့စားက ပျော်စရာ၊ ဝိုင်းထမ်းက ပေါ့ပါးစွာ။ အပြောမကောင်းတော့ တုတ်ထိ၊ အပြောကောင်းတော့ ချစ်သူပေါ၏ စသည့် စကားပုံများအပြင် ဗမာစကားပုံ၌ စည်းလုံးညီညာအောင်ကြောင်းဖြာ၊ စည်းလုံးခြင်းသည် ခွန်အား။ ရေကိုသားသော် ကြားမထင်စသည့် စကားပုံများ၊ မွန်စကားပုံတွင် နွားကွဲလျှင် ကျားကိုက်၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွား။ ဦးခေါင်းဆယ်လုံး အကြံအစည်တစ်ခု စသော စကားပုံများကို လေ့လာတွေ့ရှိနိုင်သည်။

အလားတူ ရခိုင်စကားပုံ၌ တစ်ယောက်ကစပ် တစ်ရွာလုံးကို အမျိုးမှတ်။ ရေကို ခုတ်လို့ ကြောင်းမထင်။ နှမ်းတစ်နန့် ဆီမဖြစ် စကားပုံများရှိပြီး ရှမ်းစကားပုံတွင် အတူစုပေါင်း နေမှကောင်း၊ တိုးတက်အောင် ပူးပေါင်း။ ခြံလုပ်က မြေဩဇာရှိပါစေ၊ ကုန်ရောင်းက နှုတ်ချိုပါစေ။ သည်းခံနိုင်က ရွှေချောင်းဖြစ်၊ သည်းမခံနိုင်က သစ်တုံးဖြစ် စသောစကားပုံများ ရှိကြောင်း တွေ့ရှိရသည်။

မျက်မှောက်ခေတ်ကာလ နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုကို ကြည့်သောအခါ စည်းလုံးညီညွတ်သော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်နေကြသည်။ သို့ရာတွင် စည်းလုံးညီညွတ်မှု ပြိုကွဲသောတိုင်းပြည်များသည် ဆုတ်ယုတ်ပျက်ပြားနေကြကြောင်း တွေ့ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာကြည့်သော် စည်းလုံးညီညွတ်သည့်ကာလများတွင် အင်အားကြီးမားခိုင်မာခဲ့ကြသည်။ တစ်တောတစ်ကြက်ဖတွန်ကာ သူတစ်လူ၊ ငါတစ်မင်း ဖြစ်နေသော ကာလများတွင် စည်းလုံးညီညွတ်မှုပြိုကွဲ၍ အင်အားချည့်နဲ့ချိန်တွင်မူ ပြည်ပကျော်ကျူးစော်ကားမှုတို့ ခံရတတ်ကြောင်း တွေ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးညီညွတ်ကြရမည်။ သွေးခွဲသပ်လျှိုသည့် ဘေးပယောဂတို့၏ နှောင့်ယှက်ဖျက်ဆီးမှုမှန်သမျှကို ခိုင်မာစွာ ကာကွယ်တွန်းလှန်ကြရမည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု ဘာသာစကားတို့ကို အပြန်အလှန် လေ့လာနားလည်ကာ သဘောထားကြီးပြီး ခွင့်လွှတ်စာနာတတ်ကြရပါမည်။

၂၁ရာစု အနာဂတ်ခရီးကား ကြီးမားသောအရှိန်အဟုန်ဖြင့် ရွေ့လျားပြောင်းလဲလျက် ရှိပါသည်။ လူ့သမိုင်းတွင် ယခင်က မရရှိခဲ့ဖူးသော အလျင်ဖြင့် တိုးတက်ပြောင်းလဲလျက် ရှိပါသည်။ အသစ်အဆန်းများ ဖြစ်ထွန်းလျက်ရှိပါသည်။ ဤကဲ့သို့သော အချိန်အခါတွင် တိုင်းရင်းသားပြည်သူအားလုံး **"ထင်းအစည်းမပြေသကဲ့သို့"** စည်းလုံးချစ်ခင်ကြရန် အရေးကြီးပါသည်။ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုး တန်ဖိုးထား၍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရပါမည်။ အေးအတူပူအမျှ အတူတကွ ချစ်ကြည်စည်းလုံးစွာ ကြိုးစားကြမည်ဟူသော သဘောထားသည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျွန်ုပ်တို့၏ သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာကြည့်သော် စည်းလုံးညီညွတ်သည့် ကာလများတွင် အင်အားကြီးမား ခိုင်မာခဲ့ကြသည်။ တစ်တောတစ်ကြက်ဖတွန်ကာ သူတစ်လူ၊ ငါတစ်မင်းဖြစ်နေသော ကာလများတွင် စည်းလုံးညီညွတ်မှုပြိုကွဲ၍ အင်အားချည့်နဲ့ချိန်တွင်မူ ပြည်ပကျော်ကျူးစော်ကားမှုတို့ ခံရတတ်ကြောင်းတွေ့ရ။

မြင်းမိုရ်ထက်ပင် မြင့်လိမ့်မည်

* မြန်မာဟူသည်၊ အမှီအခိုကင်း
ကိုယ့်ပြည်တွင်းအား၊ ကိုယ်အားထား၍
ခွန်အားကျစ်လျစ်၊ အင်အားဖြစ်၏...။

* မြန်မာသည်ကား၊ သူများနောက်လိုက်
စရိုက်နုံနဲ့၊ သိက္ခာမဲ့စွာ
ဘယ်အခါမှမလုပ်၊ လွန်စက်ဆုပ်၏...။

* မြန်မာဟူဘိ၊ ကိုယ်သွားမည့်လမ်း
ကိုယ်မျှော်မှန်း၍...။
ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ်တိုင်လျှောက်၏...။

* မြန်မာ့သမိုင်း၊ အဆစ်ဆစ်ပိုင်းကြည့်
ကိုယ့်တိုင်းပြည့်အကျိုး၊ ကိုယ်သယ်ပိုး၍
အမျိုးလည်းချစ်၊ မျိုးလည်းစစ်၏...။

* အပြုသဘော၊ မနောမချို
သပ်လျှိုသွေးခွဲ၊ တစ်စစီကွဲဖို့
ကိုယ့်သွေးကိုယ့်သား၊ သွေးချင်းများကို
ခွဲခြားရန်လို၊ လာမဖြို့နဲ့
ရေကိုသား၍၊ အကြားမထင်။

* ကိုယ့်ပြည်တွင်းရေး၊ သွေးထိုးပေးပြီး
ပြည်ပြေးမိတ်ဖက်၊ လာမစွက်နှင့်
အဖျက်ဟူသမျှ၊ ဆန့်ကျင်ကြလိမ့်...။

* အချုပ်အခြာ၊ ပြည့်အာဏာကို
ပမာမခန့်၊ လာမလှန့်နဲ့
ဟန့်တားတဲ့သူ၊ တို့ရန်သူပဲ...။

* ကိုယ့်တိုင်းပြည်ကို၊ ကိုယ့်ထက်ပိုချစ်
ဘယ်သူဖြစ်မလဲ၊ ခေတ်အပိုင်းပိုင်း
သမိုင်းအဆက်ဆက်၊ တွဲသောလက်များ
ပြည်တွင်းအားဖြင့်၊ တို့များယူပေး
လွတ်လပ်ရေးသည်၊ သွေးချင်းများစွာ
ခိုင်မာဖွဲ့စည်း၊ အင်အားကြီးသည့်
အသီးတစ်ရာ၊ အညှာတစ်ခု
ပြည်ထောင်စုကို၊ ပုံပြုဆိုသော်
မြင်းမိုရ်ထက်ပင် မြင့်လိမ့်မည်။ ။

ဟာသ်ာတမြင့်ငွေ

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မတင်ဇာဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်း ဆုချီးမြှင့်စဉ်။(က-ပ)

ဒဂုံမြို့နယ် အခြေခံပညာမူလတန်းကျောင်းအမှတ်(၁) မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ လေးနှစ်ဆက်တိုက် ပထမဆုရ Grade-5မှ မောင်မင်းဘုန်းညွန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက ထူးချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်ကြီးအတွက် စမ်းချောင်းမြို့နယ် အမှတ်(၁၀-၁၂)-C-4၊ ပုသိမ်လမ်းနေ ဦးထွန်းကြိုင်-ဒေါ်ထွေးကြည်၊ သမီး မမြတ်ပွင့်ဖြူ၊ မသန္တာထွန်း မိသားစုတို့က အလှူငွေကျပ် ၁၁၈၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးကိုကို(ကုန္တီတံကုမ္ပဏီ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားယဉ်ကျေးမှုပဒေသာကပွဲ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသား ယဉ်ကျေးမှုပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၀ရက်ည ၇နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကျိုင်းတုံမြို့ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းမှ ရင်းသွေးငယ်လေးများ၊ တူဆီကျေးရွာ ယဉ်ကျေးမှုအဖွဲ့၊ "ဝ" တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က တေးသရုပ်ဖော်၊ ရိုးရာယဉ်ကျေးမှု အကများဖြင့် တင်ဆက်ကြသည်။

ထို့နောက် ပဒေသာကပွဲအတွက် အေးရှားဝေါလ်ကုမ္ပဏီ ကျိုင်းတုံရုံးခွဲစီမံကိန်းဒါရိုက်တာဦးတင်မျိုးလှိုင်က ငွေကျပ်တစ်သိန်းပေးအပ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းက လက်ခံရယူသည်။

ဆက်လက်၍ အစိုးရကွန်ပျူတာကောလိပ်မှ ကျောင်းသားကျောင်းသူများ၊ ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့၊ လားဟူတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ အာခါတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် ကျိုင်းတုံ ဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက ရိုးရာယဉ်ကျေးမှုအကများနှင့် သရုပ်ပြဇာတ်တို့ဖြင့် အသီးသီးကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီးဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာသဒ္ဓမ္မဇောတိကဓဇ ကိုးထပ်ကြီးဘုရား (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အာရုံခံတန်ဆောင်းကြီး၌ ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းဆရာတော်ထံ မြို့နယ် သာသနာရေးဦးစီးဌာန ဦးစီးမှူးဦးကြည်မြင့်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေး တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီက ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက် အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် လူငယ်တာဝန်ခံများ တက်ရောက်ကြသည်။

အကြံပြုဆွေးနွေး

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌ ဦးဗိုလ်နီက ရာပြည့်ပွဲတော်ကျင်းပရေးနှင့် ပတ်သက်၍ တင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှစ်(၁၀၀) ပြည့် ပွဲတော်ကျင်းပရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အထွေထွေ အတွင်းရေးမှူး ဦးစိန်သန်းက ရာပြည့်ပွဲတော် လုပ်ငန်းစီမံချက်များနှင့် နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပရေးအစီအစဉ်များတင်ပြသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး၊ ဗဟိုအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တက်ရောက်လာကြသူများက နှစ်(၁၀၀)ပြည့်ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အကြံပြုဆွေးနွေးကြသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များဖြစ်သော ဗိုလ်ချုပ်ဌေးဦး-ဒေါ်နီနီဝင်း မိသားစုက အလှူငွေများကို ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးဗိုလ်နီထံသို့ လှူဒါန်းသည်။

(သတင်းစဉ်)

ပုဇွန်တောင် အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါကျောင်း အင်အားသစ်ခန်းမ၌ကျင်းပရာ အပူဇော်ခံဆရာ၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်ကြပြီး လက်အုပ်ချီကန်တော့ကြစဉ်။ (က-ပ)

အထက(၄) ပုဇွန်တောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါကျောင်းဝင်းရှေ့၌ ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများပေးအပ်ကြစဉ်။ (မြန်မာ့အလင်း)

ကြို့ပင်ကောက်မြို့ ဆရာတော် တရားပွဲနှင့် တရားစခန်းများ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဇောတိရိပ်သာကျောင်းတိုက်၏ ပဓာနနာယက(ပြည်တွင်းပြည်ပသာသနာပြု) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနက ဆရာတော်သည် တပို့တွဲလပြည့်ကျော် ၁၀ရက်မှ တပေါင်းလဆန်း ၆ရက်အထိ အောက်ပါ ၁၀ ဌာနတွင် တရားစခန်းပြုလုပ်မည်ဖြစ်ရာ မြန်အောင်မြို့နယ် ညောင်ဝင်းရွာ၌ တပို့တွဲလပြည့်ကျော် ၁၀ရက်ည တရားပွဲ၊ ၁၁ရက် တရားစခန်း၊ မိုးညိုမြို့နယ် သံပုရာကုန်ရွာ၌ တပို့တွဲလပြည့်ကျော် ၁၁ရက်ညတရားပွဲ၊ ၁၂ရက် တရားစခန်း၊ မိုးညိုမြို့နယ် မင်းကြီးဘုရား၌ တပို့တွဲလပြည့်ကျော် ၁၂ရက်ည တရားပွဲ၊ ၁၃ရက် တရားစခန်း၊ မိုးညိုမြို့နယ် ရေကင်း၌ တပို့တွဲလပြည့်ကျော် ၁၃ရက်ည တရားပွဲ၊ ၁၄ရက် တရားစခန်း၊ မိုးညိုမြို့နယ် တောင်ယာတောရွာ၌ တပို့တွဲလပြည့်ကျော် ၁၄ရက်ည တရားပွဲ၊ တပေါင်းလဆန်း ၁ရက် တရားစခန်း၊ မိုးညိုမြို့ သိမ်ကုန်းကျောင်း တပေါင်းလဆန်း ၁ရက် ညတရားပွဲ၊ ၂ရက် တရားစခန်း၊ မိုးညိုမြို့ မဟာသုမင်္ဂလ ကြေးသွန်းဘုရား၌ တပေါင်းလဆန်း၂ရက်ည တရားပွဲ၊ ၃ရက် တရားစခန်း၊ မိုးညိုမြို့ ဓာတ်မြတ်ဆွယ်တော်၌ တပေါင်းလဆန်း၃ရက်ည တရားပွဲ၊ ၄ရက်တရားစခန်း၊ မိုးညိုမြို့ အောင်ဆုပန်ဘုရား၌ တပေါင်းလဆန်း ၄ရက်ည တရားပွဲ၊ ၅ရက် တရားစခန်း၊ မိုးညိုမြို့နယ် ဇောတိကုန်းရွာ၌ တပေါင်းလဆန်း ၅ရက်ည တရားပွဲနှင့် ၆ရက် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

မင်္ဂလာစက်ကျောင်းတိုက် ရာပြည့်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်း အနောက်ပိုင်း ပြည်မြို့နယ် ပေါင်းတလည်မြို့ မင်္ဂလာစက်ကျောင်းတိုက်ကြီး ရာပြည့်ပွဲနှင့်မဟာဓမ္မပါလသာသနာ့ဗိမာန်တော် ရေစက်ချလှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂ရက်တွင် ကျင်းပမည်ဖြစ်ရာ ၎င်းညတွင် ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒက ကတရားပွဲဖြင့်လည်းကောင်း၊ မတ် ၃ရက်နံနက်၌ အမြို့မြို့ အနယ်နယ်မှ ပင့်သံဃာတော် ၁၀၈ပါးတို့ဖြင့် ရာပြည့်ပူဇော်ပွဲအခမ်းအနားနှင့် ၎င်းနေ့ည ၇နာရီတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.litt-Ph.D) တရားပွဲ ဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ် လှူဒါန်းလိုပါက ဦးခင်မောင်မြင့် ဖုန်း၀၉-၅၁၁-၀၀၆၁၊ ဦးသန်းနိုင် ဖုန်း-၀၉-၅၁၅ ၀၀၅၂ နှင့် ပေါင်းတလည် မင်္ဂလာစက်ကျောင်းတိုက် ပဓာနဆရာတော် အရှင်ပညာဝံသ၊ ဦးသန်းဇော်နှင့် ဦးဆန်းမင်းကို ဖုန်း-၀၅၃-၂၄၂၂၅၊ ၂၄၂၂၆၊ ၂၄၀၀၁ တို့သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာဒုံမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ်(၁၂) မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်ကကျင်းပရာ မြို့နယ်စာပေဘာသာစုံ ဒုတိယဆုရ မောင်စိုးမိုးမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ဝင်းက ဆုချီးမြှင့်စဉ်။ (၃၆၃)

ဂန့်ဂေါခရိုင်၌ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ခြံစည်းရိုးကြက်ဆူပင်များ အသုံးဝင်ပုံရှင်းလင်း ဟောပြောပွဲနှင့် ကြက်ဆူစေ့မှ ထုတ်လုပ်သည့် ကြက်ဆူဆီဖြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် မောင်းနှင်သရုပ်ပြပွဲကို ဂန့်ဂေါမြို့ သာသနာ့ဗိမာန်ဝင်း၌ ဒီဇင်ဘာ ၂၉ရက်ကပြုလုပ်သည်။

ထို့နောက် ကြက်ဆူဆီဖြင့် လယ်ယာ(၁၆) လက်တွန်း ထွန်စက်ကို မောင်းနှင်သရုပ်ပြရှင်းလင်း၍လည်းကောင်း၊ ကြက်ဆူပင်၊ ကြက်ဆူစေ့၊ ကြက်ဆူဆီတို့ကို ခွဲခြားပြသ၍ လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နည်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဖြင့်လည်းကောင်း ရှင်းလင်းပြသကြရာ တက်ရောက်လာကြသူများ စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြသည်။

ယခုအခါ ဂန့်ဂေါခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ တာဝန်ရှိသူများကကြက်ဆူဆီ အသုံးဝင်ပုံကိုကွင်းဆင်း ရှင်းလင်းလျက်ရှိပြီး ခြံစည်းရိုး နေရာများ၊ မြေကွက်လပ်များ၌ကိုင်းဖြတ်စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊အစေ့တိုက်ရိုက်ချစနစ်ဖြင့်လည်းကောင်း ကြက်ဆူပင်များစိုက်ပျိုးလျက်ရှိကြသည်။**(၂၇၃)**

AIR BAGAN မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ

သတ္တမပွဲစဉ် ဖွင့်ပွဲအခမ်းအနား ရန်ကုန်ဂေါက်ကလပ်တွင်ကျင်းပ

airBagan
MYANMAR
GOLF TOUR

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် AIR BAGAN မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီး ရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန် မြို့နယ် ဒညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများက တီခုံ(၁)၌ နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ Air Bagan Ltd. ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် Air Bagan Myanamr Golf Tour Tournament Director ဦးမင်းသိန်းတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

သတ္တမပွဲစဉ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ Professional Golfers များဖြစ်ကြသော Pornpong phatlum၊ Kwanchai Tannin ၊ Norachet Juntapun နှင့် Panuwat Muenlek တို့ လေးယောက်ဖြစ်ကြ၍ Australia မှ Professional Golfer ဖြစ်သော Blair Wilson နှင့် မလေးရှားမှ Professional Golfer ဖြစ်သော Jacky Bong တို့ဖြစ်ကြပြီး နိုင်ငံခြားမှ ခြောက်ဦးအပါအဝင် မြန်မာ Professional Golfers ၄၁ဦး စုစုပေါင်းပြိုင်ပွဲဝင် ၄၇ဦး ယှဉ်ပြိုင် ကြကာ Amateur ပြိုင်ပွဲတွင် ၈၅ဦးတို့ ယှဉ်ပြိုင်ကြသည်။

ဦးဆောင်ကစား

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ်(Srixon)က သတ် မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ ရိုက်ပြီး ၇၀ချက်ဖြင့် ဦးဆောင်ကစား လျက်ရှိသည်။

သန်းနိုင်(Srixon)က ၇၂ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်း (Srixon)၊ Panuwat Muenlek(ထိုင်း)၊ စိုးကျော်နိုင် (Srixon)နှင့် မြင့်သန်း(Aung Dagun)တို့က ၇၃ချက်စီဖြင့် တတိယလိုက်နေကြသည်။

Amateur အဆင့်ပြိုင်ပွဲတွင် ရန်နိုင်ဖြိုးနှင့် နိုင်နိုင်လင်းတို့က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီ လျော့ရိုက်ကြပြီး ၇၁ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

ထွန်းထွန်းလင်းက ၇၄ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်းနှင့် Derek Htet Doe တို့က ၇၅ ချက်စီဖြင့် တတိယလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Ltd. ဖြစ်ကာ Co-Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon၊ Yangon Golf Club၊ Kachin Golfers Group၊ Jade Myanmar Co., Ltd.၊ Max Myanmar Co., Ltd. နှင့် LONDON တို့က အသီးသီးပါဝင် ကူညီကြပြီး သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ၁၅ရက် နံနက် ၇နာရီခွဲတွင် ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှ(ယူ-၁၉)အမျိုးသမီးဘောလုံး ခြေစစ်ပွဲစဉ်ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးဘောလုံးအသင်း ပြင်ဆင်လေ့ကျင့်လျက်ရှိ

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံ - သိန်းဝင်းလေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လာမည့်မတ်လအတွင်းကျင်းပရန်ရှိသည့် အသက်(၁၉)နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ အသက်(၁၉)နှစ်အောက်မြန်မာအမျိုးသမီးဘောလုံးအသင်းကို စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ပေးလျက်ရှိသည်။

အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား၃၀ဖြင့် ဖွဲ့စည်းထားသည်။ နည်းပြဆရာများအဖြစ် ဦးဝင်းမြင့်သွင်နှင့် ဦးအုန်းကြိုင်တို့က ဆောင်ရွက်ကြသည်။ အားကစားသမားများမှာ မြဖူးငုံ(ဂိုး)၊ အေးအေးသန်း (ခ) ညိုညိုဝင့် (ဂိုး)၊ ဇင်မင်းထွန်း(ဂိုး)၊ ခင်မျိုးဝင်း၊ ခင်ချောစုလှိုင်၊ မေသူဝင်း၊ အိဖြိုးဝေ၊ သဲသဲချို၊ စုစုဝေ၊ အေးအေးမာ၊ သီရိမြတ်၊ သန္တာမိုး၊ မေသက်ဖြူ၊ နီလာမြင့်၊ နန်းကြေးငုံ၊ ခင်မာလာထွန်း၊ ရီရီဦး၊ မေသူထွန်း၊ မာဂရက်မေရီ၊ ဆုမွန်၊ နော်အားလိုဝါးဖော၊ စိုးမိုးထွေး၊ အေးငြိမ်းသူ၊ နန်းနှင်းနှင်းထွေး၊ ကြည်ပြာစိုး၊ ခိုင်ရွှေဝါ၊ ပန်းနွယ်အောင်၊ ဇာခြည်ဦး၊ ဆုပြည့်မွန်၊ စန္ဒာထွေးတို့ဖြစ်ကြသည်။

အသက်(၁၉)နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲစဉ်များကို လာမည့်မတ်လအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပရန်စီစဉ်ထားခဲ့သော်လည်း ပြိုင်ပွဲဝင်အသင်းအရေအတွက်၊ အုပ်စုပွဲစဉ်နှင့် ပြိုင်ပွဲကျင်းပမည့်ရက်များကို အတည်မပြုရသေးချေ။ မတ်လအတွင်း မြန်မာနိုင်ငံ၌ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးကျင်းပသည့်အခါ၌ ပြိုင်ပွဲရက်နှင့် ပြိုင်ပွဲဝင်အသင်းများကို ဆုံးဖြတ်ကြမည်ဟုသိရသည်။

အသက်(၁၉)နှစ်အောက် မြန်မာအမျိုးသမီးဘောလုံးအသင်း ဖွဲ့စည်းရန် စီစဉ်ခဲ့မှုနှင့် ခြေစစ်ပွဲစဉ်အတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသည့် အနေအထားများကို သိရှိနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် နည်းစနစ်ညွှန်ကြားရေးမှူး ဦးစိုးမြင့်လွင်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ မြန်မာ(ယူ-၁၉)အမျိုးသမီးဘောလုံးအသင်း ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခဲ့မှု အနေအထားကို မေးမြန်းရာ ဦးစိုးမြင့်လွင်က "မြန်မာ့လက်ရွေးစင်အမျိုးသမီးအာရှခြေစစ်ပွဲ အောင်မြင်ခဲ့ပြီးချိန်မှစ၍ (ယူ-၁၉) အမျိုးသမီးဘောလုံးအသင်း ဖွဲ့စည်းရန် စီစဉ်ခဲ့ပါကြောင်း၊ မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းအနေဖြင့် ပထမတာထွက် ကစားသမားများနှင့် အရန်ကစား သမား ခြေစွမ်းကွာခြားမှု ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သို့ဖြစ်၍ နည်းစနစ်ကော်မတီ အနေဖြင့် ၂၀၀၅ခုနှစ် အောက်တိုဘာလမှ စတင်၍ အသက်(၁၉)နှစ်အောက် မြန်မာအမျိုး သမီး ဘောလုံးအသင်းကို ဖွဲ့စည်းခဲ့ ကြောင်း၊ ဖွဲ့စည်းကာစ၌ မြန်မာ့ လက်ရွေးစင်အသင်းနှင့် (ယူ-၁၉) အသင်းတို့ခြေစမ်းခဲ့ရာ ခြေစွမ်း အားဖြင့် ကွာခြားကြောင်း၊ အသက်(၁၉)နှစ်အောက် စစ်စစ်ဖြစ်၍ လျင်မြန်မှုနှင့် ခွန်အား၌ အားနည်းနေသေးကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ "အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ပြီးဆုံးသည့်နောက် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းကို ပြန်လည်ဖွဲ့စည်းရန် ရည်ရွယ်ခဲ့ကြောင်း၊ အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်သည့် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကျင်းပပေးခဲ့ရာ ပြည်ထဲရေးအသင်းက ပို့ဆောင်ရေးအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ကြောင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ပြန်လည်ဖွဲ့စည်းရန်အတွက်(ယူ-၁၉) အမျိုးသမီးအသင်း၊ ပို့ဆောင်ရေးအသင်း၊ ပြည်ထဲရေးအသင်းနှင့် လက်ရွေးစင် အမျိုးသမီးအသင်း လေးသင်းတို့ကို ခြေစမ်းယှဉ်ပြိုင်စေပြီး လူရွေးချယ်ရန် စီစဉ်ခဲ့ကြောင်း၊ သို့သော် လက်ရွေးစင် အမျိုးသမီးအသင်းသည် နှစ်ကာလရှည်ကြာစွာ စခန်းဝင် လေ့ကျင့်ခဲ့ရခြင်းဖြစ်၍ ၎င်းတို့ကို စိတ်ပိုင်းဆိုင်ရာအရ အနားပေးရန်လိုအပ်သည်ဟု ယူဆကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲအပြီး ဇန်နဝါရီလကုန်မှစ၍ နှစ်ပတ်ခန့် သက်ဆိုင်ရာဒေသများသို့ပြန်ရန် အနားပေးခဲ့ကြောင်း၊ သို့ဖြစ်၍ မြန်မာ(ယူ-၁၉) အမျိုးသမီးဘောလုံးအသင်းကို နောက်ဆုံး ဆန်ခါတင်အားကစားသမား ၃၀ ရွေးချယ်ရန်အတွက် ဖေဖော်ဝါရီ ၁၀ရက်၌တစ်ပွဲ၊ ဖေဖော်ဝါရီ ၁၃ရက်၌တစ်ပွဲ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြောင်း၊ ခြေစမ်းပွဲများအပြီး၌ အမှန်တကယ်အသက်ငယ်ရွယ်သူများ၊ အလားအလာရှိသူများ၊ နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ဖူးခြင်းမရှိသူများထဲမှ အားကစားသမား ၃၀ ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အာရှ(ယူ-၁၉)ခြေစစ်ပွဲအောင်မြင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်သကဲ့သို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် အရန်အင်အားမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။ ။ **(မြန်မာ့အလင်း)**

အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား နည်းပြဆရာများနှင့်အတူ အောင်ဆန်းအားကစားပြိုင်ကွင်း၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ တံခွန်အသင်းက ဆောက်လုပ်ရေးကိုအနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ တံခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တံခွန်အသင်းအတွက်အနိုင်ဂိုးများကို ပထမပိုင်း၅မိနစ်တွင် အောင်မိုးက ပထမဂိုး၊ ဒုတိယပိုင်း၂၆မိနစ်တွင် စိုးမင်းဦးကဒုတိယဂိုးသွင်းယူပေးသည်။

ဘဏ္ဍာ/အခွန်နိုင်

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ၁၅ရက်(ယနေ့)ညနေ၃နာရီခွဲတွင် အောင်ဆန်းကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် မြို့တော်စည်ပင်အသင်း၊ သုဝဏ္ဏကွင်း၌ စွမ်းအင်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (မြန်မာ့အလင်း)

၂၀၀၆ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်က သုဝဏ္ဏလေ့ကျင့်ရေးစက်ဘီးကွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက်မီတာ ၄၈၀၀ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)



ကမ္ဘာတစ်လွှား အားကစား

ဝက်စ်ဟမ်းက ဘာမင်ဂမ်ကို ဂိုးပြတ်နိုင် တန်းစီဇယားနံပါတ်(၆)သို့ ခုန်တက်လာ

လန်ဒန် ဖေဖော်ဝါရီ ၁၄

အင်္ဂလိပ်ပရီမီယာရှစ်ပွဲစဉ်(၂၆) လက်ကျန်ပွဲအဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ဘာမင်ဂမ်အသင်းတို့ ဖေဖော်ဝါရီ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဝက်စ်ဟမ်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဝက်စ်ဟမ်းနှင့် ဘာမင်ဂမ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဟာရီဝုဒ်က ဤသို့ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ဝက်စ်ဟမ်း အသင်းအတွက် ဟာရီဝုဒ်က နှစ်ဂိုးသွင်းပေးပြီး ခုနစ်ပွဲဆက်တိုက်အနိုင်ရရှိမှုစံချိန်ကို တင်လိုက်သည်။ ဝက်စ်ဟမ်းတို့၏ အနိုင်ဂိုးများကြောင့် ဘာမင်ဂမ်အသင်းသည် အတန်းဆင်းရမည့် စိုးရိမ်စိတ်များ ပိုမိုတိုးပွားလာသည်။

ဟာရီဝုဒ်သည် ပွဲစပြီး ၁၁ မိနစ်အကြာတွင် ဘာမင်ဂမ်နောက်တန်း ကစားသမား ကမ်နင်ဟမ် ဖျက်လိုက်သောဘောလုံးကို အမြန်နှုန်းဖြင့် ပြန်လည်ကန်သွင်းခဲ့ရာမှ ဂိုးဝင်သွားခဲ့ခြင်းဖြစ်သည်။ ဒုတိယမြောက်ဂိုးကို ၎င်းကပင် ပွဲချိန် ၆၃မိနစ်တွင် သွင်းယူခဲ့သည်။ တတိယမြောက် ပွဲသိမ်းဂိုးကို အက်စ်တွန်က ပွဲချိန် ၆၅မိနစ်၌ သွင်းယူခဲ့သည်။

ဝက်စ်ဟမ်းက ဘာမင်ဂမ်ကို အနိုင်ရလိုက်သဖြင့် ပရီမီယာရှစ် တန်းစီဇယားနံပါတ်(၆)နေရာကို တက်လာမည်ဖြစ်သည်။ ပွဲအစတွင် နှစ်သင်းစလုံး ခြေမသွက်သော်လည်း ဟာရီဝုဒ်က ဝက်စ်ဟမ်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းပေးနိုင်ခဲ့သည်။ ၎င်းဂိုးသွင်းပြီး မကြာမီ ဟေဒင်မူလ်လင်းစ်က ဒုတိယမြောက်ဂိုးသွင်းရန် အခွင့်အလမ်းရခဲ့သော်လည်း အဲလ်လက်စ်ဘရစ် ခြေဦးသွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

ဘာမင်ဂမ်အသင်းမှ ဂျာရီးဆစ်သည် ဝဲဘက်တောင်ပံမှ ပြန်လည်ထိုးဖောက်ကစားလာခဲ့သည်။ သို့ရာတွင် ဝက်စ်ဟမ်းနောက်တန်း အင်တန်ဖာဒီနန်နှင့် ဂတ်ဘီဒွန်တို့ကို မကျော်နိုင်၍ ဂိုးသွင်းခွင့်ဆုံးရှုံးရပြန်သည်။

ဒုတိယပိုင်းပြန်စပြီး သုံးမိနစ် အကြာတွင် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့ပြန်သည်။ဝက်စ်ဟမ်းအသင်းသည် ပရီမီယာရှစ် ပွဲစဉ်(၂၆)ကစားပြီးချိန်တွင် ၁၂ ပွဲနိုင်ပြီး ၄၁ မှတ်ဖြင့် နံပါတ်(၆) နေရာသို့ ခုန်တက်လာသည်။

(အင်တာနက်)

ပဲရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ မော်ရက်စမိုအနိုင်ရဗိုလ်စွဲ

ပါရီ ဖေဖော်ဝါရီ ၁၄

ဩစတြေးလျ အိုးပင်းချန်ပီယံ မော်ရက်စမိုသည် ပဲရစ်အိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ မေရီပီးယာ့စ်ကို ၆-၁၊ ၇-၆(၇-၂)ဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။

ပြင်သစ်နိုင်ငံသူမော်ရက်စမိုသည် ယခုဖလားအနိုင်ရဗိုလ်စွဲမှုသည် ယခုနှစ်အတွင်း ဒုတိယအကြိမ်အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

သူမသည် ပြီးခဲ့သောလက ဩစတြေးလျအိုးပင်းတွင်လည်း ဗိုလ်စွဲခဲ့သူဖြစ်သည်။ မော်ရက်စမိုသည် အမျိုးသမီးတင်းနစ်လောကတွင် ကမ္ဘာ့အဆင့်(၂)ရှိသူဖြစ်ပြီး မေရီပီးယာ့စ်သည် ကမ္ဘာ့အဆင့်(၅)ရှိသူဖြစ်သည်။ သူမသည် ဆွစ်ဇာလန်မှ ပတ်တီရှနိုင်ဒါအား ၆-၄၊၆-၄ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာသူဖြစ်သည်။

ပဲရစ်အိုးပင်းတွင် အနိုင်ရဗိုလ်စွဲသွားသော မော်ရက်စမိုအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ မော်ရက်စမိုသည် ပထမပွဲစဉ်တွင် နှစ်ကြိမ်တိုင် စံချိန်တင်လမ်းကြောင်းပြောင်းအောင် ရိုက်ခဲ့၍ ၆-၁ဖြင့်အနိုင်ရလိုက်သည်။

မေရီပီးယာ့စ်က ဒုတိယပွဲစဉ်တွင် မော်ရက်စမိုအား အရှိန်မြှင့်ကစားကာ ပြန်လည်ထိုးနှက်ကစားနိုင်ခဲ့သော်လည်း အဆုံး၌ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

ကမ္ဘာ့အဆင့်(၂)ရှိသူ မော်ရက်စမိုသည် သူမ၏၁၁ပွဲမြောက်အနိုင်ပွဲကို တိုးချဲ့နိုင်ခဲ့၍ ယခုနှစ်အတွင်း ဒုတိယမြောက် ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ယူအက်စ်ပီဂျီအေဂေါက်သီးရိုက် ပြိုင်ပွဲ အာရှန်အိုဘာဟိုဆာ အနိုင်ရဗိုလ်စွဲ

ပတ်ဘလီဘီးဂျ် (အမေရိကန်) ဖေဖော်ဝါရီ ၁၄

ယူအက်စ်ပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်မှ အာရှန်အိုဘာဟိုဆာသည် ကနေဒါမှ မိုက်ဝေယာအား ကျော်ဖြတ်လျက် အနိုင်ရဗိုလ်စွဲသွားသည်။

အသက် ၃၁ နှစ်အရွယ်ရှိ အိုဘာ

ဟိုဆာသည် တတိယနေ့ပြိုင်ပွဲအပြီးတွင် ဝေယာနှင့်အတူ ပြိုင်ဘက်များအား ဦးဆောင်ခဲ့သည်။ သို့ရာတွင် ၎င်းသည်စတုတ္ထနေ့ ၁၈ ကျင်းကစားပြီးနောက် စုစုပေါင်းရိုက်ချက် ၁၇ ချက်လျှော့ရိုက်ပြီး ဖလားရယူသွားသည်။ **(အပေါ်ပုံ)**

ဗိုလ်စွဲခဲ့

အိုဘာဟိုဆာသည် ၆၅+၆၈+၆၆+၇၂ ဖြင့် စုစုပေါင်း ၂၇၁ ချက်ရိုက်ပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

တောင်အာဖရိကမှ ရိုရီဆက်ဘာဆီနီက စုစုပေါင်းရိုက်ချက် ၁၂ ချက် လျှော့ရိုက်ကာ ဒုတိယလိုက်ခဲ့သည်။ ၎င်းသည် လေးရက်ပေါင်း ရိုက်ချက် ၂၇၆ ချက် ရိုက်ခဲ့သည်။

ကနေဒါမှ ဂျိုနသန်ဘတ်ဂျ်နှင့် မိုက်ဝေယာတို့က စုစုပေါင်းရိုက်ချက် ၂၇၇ ချက်ဖြင့် တတိယလိုက်ခဲ့သည်။

ဖလားနှင့်ဝေးခဲ့

ဗီဂျီမှ ဗီဂျေဆင်း၊ အင်္ဂလန်မှ လူကီဒေါ်နယ်တို့သည် စုစုပေါင်းကိုးချက်စီသာလျှော့ရိုက်နိုင်ခဲ့သည်။ လူကီဒေါ်နယ်သည် အဖွင့်ပွဲနေ့တွင် ပြိုင်ဘက်များကို ဦးဆောင်ခဲ့သော်လည်း ဖလားနှင့်ဝေးခဲ့ရသည်။

အိုဘာဟိုဆာသည် ယခင်က အဆိုပါပြိုင်ပွဲ၌ အကောင်းဆုံးအဆင့် အနေအထားဖြင့်သာ ကစားနိုင်ခဲ့ပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ပြိုင်ပွဲအပြီး အိုဘာဟိုဆာက ပြောကြားရာတွင် မိမိအနေဖြင့် ယင်းပီဂျီအေပြိုင်ပွဲ၌ အနိုင်ရမည်ဟု အိပ်မက်မက်နိုင်ခဲ့သော်လည်း ပြိုင်ပွဲတွင် အနိုင်မရခဲ့ဟုဆိုသည်။ ယခုပြိုင်ပွဲတွင် အနိုင်ရခဲ့၍ ဝမ်းသာမိကြောင်း ၎င်းက ပြောကြားသည်။

ပထမဆုံးပါဝင်ယှဉ်ပြိုင်

ကနေဒါမှ ဝေယာသည် ၂၀၀၄ ခုနှစ်က နစ်ဆန်းအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက် ယခုပွဲတွင် ပထမဆုံးပါဝင်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိုးလင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုကြိုဆိုဂုဏ်ပြု သောအားဖြင့် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဥက္ကဋ္ဌဖလား အလွတ်တန်း (ကျား) တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲကို ဖေဖော်ဝါရီ၁၂ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် ဦးဘကျော်လမ်းရှိ Right Track Bowling Center အားကစားပြိုင်ပွဲရုံတွင် ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ဆုရရှိကြသော ပထမ မျိုးအောင်၊ ဒုတိယ ဟန်အေးသွင်၊ တတိယ အောင်ကျော်ဌေးတို့အား ဥက္ကဋ္ဌ ဦးသိန်းဇော်က ဆုများပေးအပ် ချီးမြှင့်သည်။

(မြန်မာ့အလင်း)



ယူကရိန်းနိုင်ငံ ဒိုးနက်မြို့၌ကျင်းပသော ကမ္ဘာ့ဝါးလုံးတုတ်ထောက်ခုန် ပြိုင်ပွဲတွင် ချန်ပီယံ အစ်စင်ဘာရီဗာ၏ ဝါးလုံးတုတ်ထောက်ခုန်ပြိုင်ပွဲဝင်ဟန်။
(အင်တာနက်)

ကမ္ဘာ့ဝါးလုံးတုတ်ထောက်ခုန်ချန်ပီယံ ၁၉ ကြိမ်မြောက် ကမ္ဘာ့စံချိန်တင်

ဒိုးနက် (ယူကရိန်း) ဖေဖော်ဝါရီ ၁၄

ရုရှားနိုင်ငံမှ ဝါးလုံးတုတ်ထောက်ခုန်ချန်ပီယံ ရီလင်နာသည် ဖေဖော်ဝါရီ ၁၂ ရက်က ယူကရိန်းနိုင်ငံ ဒိုးနက်မြို့၌ကျင်းပသော ကမ္ဘာ့ဝါးလုံးတုတ်ထောက်ခုန်ပြိုင်ပွဲတွင် ၁၆ ပေနှင့် တစ်လက်မကျော်ခုန်နိုင်ကာ ကမ္ဘာ့စံချိန်သစ်တင်လိုက်သည်။

သူမသည် အိုလံပစ်ချန်ပီယံနှင့် ကမ္ဘာ့ဝါးလုံးတုတ်ထောက်ခုန်ချန်ပီယံ ဖြစ်သည်။ ယင်းပြိုင်ပွဲသည် သူ၏ ယခုနှစ်ရာသီတွင် ပထမဆုံးပြိုင်ပွဲဖြစ်သည်။

ရီလင်နာအစ်စင်ဘာရီဗာသည် ပြီးခဲ့သောနွေရာသီက စပိန်နိုင်ငံ မက်ဒရစ်မြို့၌ကျင်းပသော ဥရောပ အင်ဒိုးချန်ပီယံပြိုင်ပွဲတွင် စချိန်သစ်တင်နိုင်ခဲ့သူဖြစ်သည်။ သူမသည် ယူကရိန်း ဝါးလုံးတုတ်ထောက်ခုန် ချန်ပီယံဆာဂျီဘွတ်ခါထက်မြင့်၍ ခုန်နိုင်ခဲ့သည်။

အစ်စင်ဘာရီဗာသည် ဩဂုတ်လက ဖင်လန်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ ချန်ပီယံပြိုင်ပွဲတွင် ၁၆-၅ 1/4 ဖြင့် အောက်ဒိုးစံချိန်ကိုလည်း တင်နိုင်ခဲ့သူဖြစ်သည်။

သူမသည် ယူကရိန်းနိုင်ငံ ဒိုးနက်မြို့၌ကျင်းပသော ယခုပြိုင်ပွဲစံချိန်တင်နိုင်ခြင်းသည် (၁၉)ကြိမ်မြောက် ကမ္ဘာ့ဝါးလုံးတုတ်ထောက်ခုန်စံချိန်ကိုတင်လိုက်ခြင်းပင်ဖြစ်သည်။

ရုရှားနိုင်ငံသူ အစ်စင်ဘာရီဗာသည် ပြီးခဲ့သောရာသီက ကမ္ဘာ့စံချိန် ကိုးကြိမ်တင်ခဲ့ရာတွင် အင်ဒိုးပြိုင်ပွဲလေးကြိမ်နှင့် အောက်ဒိုးပြိုင်ပွဲ ငါးကြိမ်ပါဝင်ခဲ့သည်။

(အင်တာနက်)

အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ယနေ့မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၂၈ မိနစ် ၁၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၈၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ဆစ်ခ်ခမ်း (အိန္ဒိယဒေသ)နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး (၅ ဒသမ ၇) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်အဖွဲ့ ဇန်နဝါရီ ၅ရက်က သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဓိက ပန်းငါးမျိုး ပျိုးထောင်ထားမှု၊ အရိပ်ရပင်နှင့် ပန်းအလှပင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(၃၄၇)

ဆံကေသာအလှပြိုင်ပွဲ မော်လမြိုင်ကျွန်းမြို့၌ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ဆံကေသာအလှပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရော ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဆံကေသာအလှပြိုင်ပွဲ ယှဉ်ပြိုင်ကြသည်။

ထို့နောက်ပြိုင်ပွဲတွင် ပထမဆုရ မသဥ္ဇာသန်းအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့် **(အောက်ပုံ)**က လည်းကောင်း၊ ဒုတိယဆုရ မသိန်းသိန်းစိုး(မြို့မ ၁၁ ရပ်ကွက်)အားမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်မြမြအေးကလည်းကောင်း၊တတိယဆုရ မသီတာမြင့် (မြို့မ ၉ ရပ်ကွက်) အား မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ အဖွဲ့ငယ်ခေါင်းဆောင် ဒေါ်ခင်အုန်းမြင့်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၀၉၇)**

ကြို့ပင်ကောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

ကြို့ပင်ကောက် ဇန်နဝါရီ ၂၅

ကြို့ပင်ကောက်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက်နံနက် ၈နာရီက ကြို့ပင်ကောက်မြို့နယ် ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဦးရွှေပိုင်(ရွှေငယ်ပိုင်-ကြို့ပင်ကောက်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း(သက်နိုင်-ကြို့ပင်ကောက်)တို့က အမှာစကားပြောကြားပြီး မြို့နယ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဦးလှဝင်း(လှဝင်း-ကြို့ပင်ကောက်) ငွေစာရင်းရှင်းတမ်းကို ဦးမြတ်ဆွေ(ကိုမြတ်-ဓာတ်ပုံ)တို့က တင်သွင်းဆွေးနွေးအတည်ပြုကြသည်။

ဆက်လက်၍ မကျန်းမမာဖြစ်နေသော မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးအောင်ဖြိုးအား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှထောက်ပံ့ငွေကျပ် ၅၀၀၀ ချီးမြှင့်ပြီး အမှုဆောင်သစ် ဦးကျော်ဝင်း(သက်နိုင်-ကြို့ပင်ကောက်) ဥက္ကဋ္ဌ၊ ဦးတင်ဦး အတွင်းရေးမှူး၊ ဦးမြတ်ဆွေ(ကိုမြတ်-ဓာတ်ပုံ) ဘဏ္ဍာရေးမှူး၊ အမှုဆောင်အဖြစ် ဒေါ်သန်းဆွေ (ချောသန့်ဇင်)၊ ဒေါ်တင်သိန်း(ပန်းမြတ်နဒီ) တို့ပါဝင်၍ ညီလာခံ ကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးကျော်ဝင်း(သက်နိုင်-ကြို့ပင် ကောက်)တို့အား ရွေးချယ်ကြကြောင်း သိရသည်။ (၀၄၀)

ကျုံပျော်မြို့ ကျေးရွာသာသနိကအဆောက်အအုံ ရေစက်ချလှူဒါန်း၊ ငွေပဒေသာပင်စိုက်ထူ

ကျုံပျော် ဇန်နဝါရီ ၃၁

ကျုံပျော်မြို့နယ် အင်းရဲကျေးရွာ နမူနာစံကျောင်းတော်တွင် ဇန်နဝါရီ ၁၃ ရက်က အငြိမ်းစားသာသနာရေးဝန်ကြီး ဦးအောင်ခင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ညွန့် မိသားစုတို့က တိုက်နယ်ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်နှင့် ကျေးရွာသာသနိက အဆောက်အအုံများ ဆောက်လုပ် ပြီးစီး၍ ရေစက်သွန်းချပွဲ ကျင်းပသည်။

စိုက်ထူလှူဒါန်း

အခမ်းအနားတွင် တိုက်နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းများ ဘက်စုံအသုံးပြုနိုင်ရန် ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြရာ အငြိမ်းစား သာသနာရေး ဝန်ကြီး ဦးအောင်ခင်-ဒေါ်ယဉ်ယဉ်ညွန့်မိသားစုက တိုက်နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ် ၂၅၀၀၀၀၊ အထက်တန်းကျောင်းအတွက် ငွေကျပ် ၂၃၀၀၀၀ မတည် လှူဒါန်းပြီး သီရိသုဓမ္မမဏိဇောတဓရ ဦးညွန့်ဌေး-ဒေါ်နီလာရွှေသား မောင်မြတ်စိုးအောင်ကြာငါးခိုင်သက်န်းတိုက်တို့က ငွေကျပ်နှစ်သိန်း၊ ရန်ကုန် မြို့နေ ဦးခင်အောင်၊ ဦးထွန်း၊ ဦးသောင်း၊ဦးတင်မိသားစုတို့က ငွေကျပ် ၂၅၀၀၀တို့ကို လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားလမ်းနှင့် ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် သင်္ဘောဆိပ်ကမ်းအနီး မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ၂၉ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၆-၂-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မုံရွာစက်မှုဇုန် ချည်နှင့်စောင်ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ နှစ်(၆၀)ပြည့် မြန်မာ့အသံ မဂ္ဂဇင်း(အထူးထုတ်)မြန်မာ့အသံ မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နှလုံးသွေးကြောစောင့်ရှောက်ရေး ဒုတိယပိုင်း-မောင်ဆုရှင်)
၁၂း၁၅ တေးသရုပ်ဖော် (လျှောက်လှမ်းကြမယ်သံသရာခရီးသည်)
၁၂း၃၀ အစာနှင့် အာဟာရ (မန္တလေးမြို့က လက်ဖက်)
၁၂း၄၀ ဓာတ်လမ်းပမာနားဆင်ရာ (ပြာလဲ့ဝါနွဲ့ ညာတဲ့သူ)

ညနေပိုင်း

၁၆း၂၀ ကျိုင်းတုံမြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများ
၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၆း၄၀ ဆွေးနွေးခန်း (တို့ကျေးရွာ အမှတ်တရ)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၈း၄၀ လက်ဆင့်ကမ်းပေးရေဒီယိုတေး
၁၉း၁၅ ဆွေးနွေးခန်း (ယနေ့တိုင်ကျော်ကြားနေသော ရေဒီယိုအဆိုကျော်များ) (အပိုင်း-၁)
၂၀း၃၀ ဆွေးနွေးခန်း (စန္ဒရားအောင်ခင်အမှတ်တရ)

သီပေါ-ကွန်ဟောက် ကျေးလက်လမ်းတစ်လျှောက် ရေပြွန် တံတားသုံးခု တည်ဆောက်မှုလုပ်ငန်းခွင်ကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့ ကွင်းဆင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ် စည်ပင်)

ကြက်ဆူဆီအသုံးပြု စက်ရေတွင်းမောင်းနှင်

ရေနံချောင်း ဖေဖော်ဝါရီ ၃

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေး စက်ရေတွင်းများတွင် ဒီဇယ်ဆီအစားထိုး ခြစ်စည်းရိုး ကြက်ဆူဆီဖြင့် မောင်းနှင်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၃ ရက်က ရေနံချောင်းမြို့နယ် သန်းပင်ကုန်းကျေးရွာ၌ ကျင်းပရာ သရုပ်ပြပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးက ဒေသခံပြည်သူများအား ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၊ ကြက်ဆူစေ့မှ ဒီဇယ်ဆီအစားထိုး ခြစ်စည်းရိုးကြက်ဆူဆီဖြင့် လက်တွေ့မောင်းနှင်သရုပ်ပြဆောင်ရွက် ကြကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ် စည်ပင်)

ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာစာကြည့်တိုက်များသို့ ရေဒီယိုပေးအပ်လှူဒါန်း

ကျောက်မဲ ဇန်နဝါရီ ၂၅

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အား ကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များသို့ ရေဒီယို ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီက ခရိုင်ရုံးတွင် ကျင်းပသည်။

ဆက်လက်၍ ရေဒီယိုလှူဒါန်းပွဲ ကျင်းပရာ အလှူရှင်များက လှူဒါန်းသော ရေဒီယိုများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်တို့က လက်ခံရယူကြပြီး **(ဝဲပုံ)** ခရိုင်ဦးစီးအရာရှိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရေဒီယို လှူဒါန်းကြသော အလှူရှင်များမှာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများက ၁၀လုံးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြသောရေဒီယိုများမှာ စုစုပေါင်း ၄၈လုံး ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ရွာသစ်-မင်းရွာ-ပွတ်သလွတ်ကုန်း-မုရောင်းကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်း ဆောင်ရွက်မှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးလှမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြစ်ငယ်ယန္တရား အခြေခံပညာအလယ်တန်းကျောင်းခွဲ ပညာရေးစုံညီပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်

မြစ်ငယ် ဇန်နဝါရီ ၂၆

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ်ယန္တရားအခြေခံပညာအလယ်တန်းကျောင်း(ကျောင်းခွဲ)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုနှင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက်နံနက် ၉နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးဒေါ်ဝင်းကြည်၊ မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်မြဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးခင်မောင်ညိုနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်ဦးအေးကိုတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ယန္တရားအခြေခံပညာအလယ်တန်းကျောင်း(ကျောင်းခွဲ) ကျောင်းအုပ်ဆရာကြီး ဦးရောင်နီက ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုနှင်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်နှင့်ကျေးရွာအုပ်စုအဆင့်များတွင် ဘက်စုံထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၂၀၉)

အိမ်မဲကြီး အထက(ခွဲ)အာစရိယပူဇော်ပွဲကျင်းပ

အိမ်မဲ ဖေဖော်ဝါရီ ၇

အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၁၁နာရီက အိမ်မဲကြီး အထက(ခွဲ)ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ကန်တော့ခံဆရာ၊ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဆရာဦးမင်းသန်း၊ ဆရာဦးမြင့်မောင်နှင့် ဆရာဦးတင်အောင်ဝင်းတို့က သြဝါဒစကားမြွက်ကြားပြီး အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းကြိုင်က ကျေးဇူးတင်စကားပြောကြားသည်။ **(က-ပ)**

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒသမအကြိမ်အလှူရှင်လှူဒါန်းငွေဖြင့် လုံတောကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်မှုအခြေအနေကို ဒီဇင်ဘာ ၂၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ကြက်ဆူမျိုးစေ့များ ပျိုးအိတ်များအတွင်းထည့်သွင်းပျိုးထောင်

ကျောက်တန်း ဖေဖော်ဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးထွန်းလှရွှေ၊ တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် ပြည်သူများ စုပေါင်း၍ ကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်း၍ ပျိုးထောင်စိုက်ပျိုးကြကြောင်း သိရသည်။

(ဝဲပုံ) (မြို့နယ် စည်ပင်)

ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီထုတ်ယူရေး မျိုးစေ့အိတ်ပေးအပ်၊ တစ်အုပ်တစ်မစိုက်ပျိုးဆောင်ရွက်

မြောင်းမြ ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်း မြောင်းမြခရိုင်အတွင်း ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီထုတ်ယူရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူမျိုးစေ့ချပွဲကို ဖေဖော်ဝါရီ ၃ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်များမှ ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီထုတ်ယူရရှိမှုအပြင် အစေ့ကြိတ်ဖတ်၊ အပင်၊ အမြစ်၊ အရွက်များပါ မကျန် အသုံးဝင်ပုံတို့ကို ပရိဂျက်တာဖြင့် ရှင်းလင်း ပြသပြီး မြောင်းမြခရိုင် စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးမြင့်ဦးက မျိုးစေ့များ စုဆောင်းရရှိမှုနှင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ စိုက်ပျိုးလုပ်ကိုင်မည့် အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ကြက်ဆူမျိုးစေ့ပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းနှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးဟန်တို့က ကြက်ဆူမျိုးစေ့အိတ်များကို တက်ရောက်လာကြသူများသို့ ပေးအပ်ကြသည်။ **(ယာပုံ)**

စိုက်ပျိုးသွားမည်

အဆိုပါမြောင်းမြခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင်ကို မြို့နယ်အလိုက် တစ်အုပ်တစ်မ စိုက်ခင်းများ အဖြစ်လည်းကောင်း၊ ခြံစည်းရိုးများ အဖြစ်လည်းကောင်း ယခုနှစ်ရာသီအတွင်း ဧက၁၃၀၀စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းပြားမြို့နယ် စည်ပင် သာယာရေးအဖွဲ့ကခြိတ်တောင်၊ ဆင်ကြီးပြင်(ကျေးလက်) ကျောက်ချောလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး နေမျိုးနှင့် အမှုဆောင် အရာရှိ ဦးဘုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

(၆၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း တိုင်းအရန်ရဲတပ်ဖွဲ့မှ လ/၆၉၅၄၈ ရဲတပ်ကြပ်ကြီး တင်ဝင်း (လူမှုထူးချွန် ဒုတိယဆင့်) **(အပေါ်ပုံ)** သည် ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်တွင်(၆၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

မင်းတပ်မြို့မဈေး စုပေါင်းသန့်ရှင်း

မင်းတပ် ဇန်နဝါရီ ၃၁

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်းအပြင် သန့်ရှင်းရေးနှင့် ဈေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၆ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းမြတ်နှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာဦးဆွေးအုပ်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ မွေးစမှ ခြောက်လအရွယ်ကလေးငယ်များနှင့် ခြောက်လမှ တစ်နှစ်အရွယ်ကလေးငယ်ပေါင်း၃၈ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရကလေးငယ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်အပြီး တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

ပို့ဆောင်နှုတ်ဆက်

ဖေဖော်ဝါရီ ၁၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ယူဘိုရမ်နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲ တက်ရောက်အားပေး အပင်များရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဧက ၁၀၀ ကြက်ဆူပင်စိုက်ခင်း၌ ကျင်းပသော တောင်ငူတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲသို့ တက်ရောက်အားပေးသည်။

မျိုးစေ့များဝေငှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်နယ်မိသားစုဝင်များအတွက် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များကိုဝေငှရာ တပ်နယ်အတွင်းရှိ တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့်မျိုးကိုင်းများကို ပျိုးအိမ်များအတွင်းသို့ ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့မျိုးကိုင်းများ၊ ရက်သားအဆင့် ပျိုးပင်ပေါက်များ၊ ကြက်ဆူပင် အပင်ပေါက်ပုံအဆင့်ဆင့်၊ ခြံစည်းရိုးကြက်ဆူ ဇီဝလောင်စာဆီနမူနာနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ✡

မြန်မာ့အလင်း သတင်းအညွှန်း

❑ ခြံစည်းရိုး ကြက်ဆူပင်သည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိစေမည့် နှစ်ရှည်ပင် တစ်မျိုးဖြစ်ကြောင်း သိရှိလာကြ၍ ဒေသခံ ပြည်သူများ ပိုမိုစိတ်ဝင်တစား စိုက်ပျိုးလာကြသည်။

မြန်မာနိုင်ငံ၌ ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ။(စာ-၆)

❑ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနောက်ဘက်ရှိ ဆန်ဂျေးဂန္ဒီအမျိုးသားဥယျာဉ်၌ ကမ္ဘာ့အသေးငယ်ဆုံး ကြောင်မျိုးစိတ်မှ ကြောင်တစ်ကောင်အား တွေ့ရှိခဲ့ကြောင်း စနေနေ့တွင် သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး အကြီးအကဲက အစီရင်ခံ တင်ပြခဲ့။

နိုင်ငံတကာ သတင်း (စာ-၄)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီ ဗုဒ္ဓပူဇနီယပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော် ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ရက်တွင် ယင်းစေတီတော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသာလာဘိဝံသ၊ ကန့်ဘလူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့ရှေ့ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စစ်ကိုင်းတိုင်းတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ●